မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်၊ ၂၀၀၇ ခုနှစ်၊ မေ ၂၃ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၆)၊ အမှတ် (၂၀၀)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များ၌ ဘက်စုံအထူးကုဆေးရုံများ အလေးထားထူထောင် သာမန်ဆရာဝန်များသာမက ဘာသာရပ်အလိုက်အထူးကုဆရာဝန်ကြီးများ မွေးထုတ်လျက်ရှိ

ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာသော ဆေးပညာရပ်များ အမြဲမပြတ်လေ့လာဆည်းပူး ပြည်သူများယုံကြည်စိတ်ချစွာ အဆင့်အတန်းရှိရှိ ဆေးကုသမှုခံယူနိုင်ရေး အားထုတ်ကြိုးပမ်း

နေပြည်တော် မေ ၂၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ယနေ့နံနက် ၉ နာရီတွင် မန္တလေးမြို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်ကြီးအောင်ရိပ်သာ၌ မန္တလေးမြို့ရှိ ဆေးဘက်ဆိုင်ရာ တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ဆေးရုံအုပ်ကြီးများအား တွေ့ဆုံ၍ မှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မန္တလေးမြို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်ကြီးအောင်ရိပ်သာ၌ မန္တလေးမြို့ရှိ ဆေးဘက်ဆိုင်ရာ တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ဆေးရုံအုပ်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရောဝတီတံတား (ရတနာပုံ)

ရောဝတီတံတား(ရတနာပုံ) မှာ တံတားအရှည် ၅၆၁၄ ပေ ရှိပြီး ၄၉ ပေကျယ် လေးလမ်းသွား ကားလမ်းတံတားကြီးဖြစ်၊ တစ်ဖက်လျှင် ခြောက်ပေစီကျယ်သည့် လူသွားလမ်းပါရှိ။



ရောဝတီတံတား(ရတနာပုံ)ကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

အမျိုးသားအကျိုးစီးပွား တိုးတက်ဖြစ်ထွန်းစေမည့် ရေအားလျှပ်စစ်စီမံကိန်းများ တိုးမြှင့်ဖော်ဆောင်

နိုင်ငံတော်က လျှပ်စစ်ဓာတ်အား လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပေါကြွယ်ဝသည့် ရေအရင်းအမြစ်များကို အသုံးချ၍ ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော် တည်ဆောက်လျက် ရှိသည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁ မိုင်အကွာ ရဲယမန်း ကျေးရွာအနီး မြစ်ငယ်မြစ်ကိုပိတ်၍ ကွန်ကရစ်တမံတည်ဆောက်လျက်ရှိရာ ယင်း RCC ကွန်ကရစ်တမံသည် ကမ္ဘာပေါ်ရှိ အကြီးဆုံးRCC တမံများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ အဆိုပါ စီမံကိန်းတစ်ခုလုံးပြီးစီးပါက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၉၀ ထုတ်ယူရရှိမည် ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်း များကို ဧပြီလ ၂၁ ရက်နေ့က လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာနှင့်စပ်လျဉ်း၍ လမ်းညွှန်ရာတွင်-

"ရဲရွာရေအားလျှပ်စစ်စီမံကိန်း အထက်ဘက် မြစ်ငယ်မြစ်၏ အပေါ်ပိုင်းတစ်လျှောက် လျှပ်စစ်ဓာတ်အားထုတ်ယူရရှိမည့် ရေအရင်းအမြစ်နေရာများကို စူးစမ်းလေ့လာပြီး မြစ်ငယ်မြစ် ရေအားလျှပ်စစ်စီမံကိန်းအဆင့်ဆင့် တိုးချဲ့ဖြစ်ပေါ်လာအောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း"

မှာကြားခဲ့သည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်းတွင် ရေလွှဲဥမင်လိုဏ်ဖောက်လုပ်မှု၊ ဥမင်လိုဏ် အဝင်နှင့်အထွက် တည်ဆောက်မှု၊ ရေကာကွန်ကရစ်နံရံတည်ဆောက်မှု၊ ချဉ်းကပ်ဥမင်လိုဏ် ဖောက်လုပ်မှုနှင့် ရေယူ အဆောက်အအုံ ဆောက်လုပ်မှုလုပ်ငန်းများ ပြီးစီးနေပြီဖြစ်၍ ကျန်ရှိသောအပိုင်းများ ဆောလျင်စွာ ပြီးစီးရေးအတွက် ဆက်လက် ကြိုးပမ်းလျက်ရှိသည်။

ထို့အပြင် ဓာတ်အားလိုင်းသွယ်တန်းရာ၌ အသုံးပြုသည့် ဓာတ်အားလိုင်းသုံးပစ္စည်းများနှင့် ထရန်စဖော်မာအမျိုးမျိုးကိုပြည်တွင်းရှိစက်မှုလုပ်ငန်းများတွင် ထုတ်လုပ်နိုင်ရန်ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာစေရေးအတွက် စက်မှုကဏ္ဍ၊ သစ်တောကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သတ္တုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍနှင့် လျှပ်စစ်စွမ်းအားကဏ္ဍစသည့် စီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံတော်က ဖြည့်ဆည်းပေးလျက်ရှိသည်။

ပြည်ထောင်စုတစ်ဝန်း၌ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဖော်ဆောင်နေချိန်တွင် ရေသယံဇာတ အရင်းအမြစ်များကို အစွမ်းကုန်ဖော်ထုတ်အသုံးချပြီး ရေအားလျှပ်စစ်စီမံကိန်းများ တိုးမြှင့်တည်ဆောက်ခြင်းဖြင့် အမျိုးသားအကျိုးစီးပွား တိုးတက်ဖြစ်ထွန်းရေးကို များစွာ အထောက်အကူပြုမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၃-၄-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ် ချိုနှားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄း၂၅	၄။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၁၀	၆။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၃၅	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၉။	နိုင်ငံတကာသတင်း
၆း၁၅	၁၀။	မိုးလေဝသသတင်း
၆း၂၀	၁၁။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၂၅	၁၂။	လျှပ်တစ်ပြက်
၇း၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မေတ္တာစမ်းရေ** (အပိုင်း-၁၀)
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
	၁၆။	မေးမြန်းစုံစမ်း
	၁၇။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၁၈။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **မိုးနဂါးသိုင်းရှစ်ကွက်** (အပိုင်း-၂၂)

ဓမ္မဗျူဟာ(ရန်ကုန်) ဗုဒ္ဓအခါတော်နေ့ သင်တန်း

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် (၆) ကြားတောရလမ်းရှိ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်းတွင် သင်တန်းမှူးဓမ္မဗျူဟာ ဒေါ်ခင်လှတင်(မဟာသဒ္ဓမ္မ ဇောတိကဓဇ)သည် "**ကဆုန်လပြည့်ဗုဒ္ဓ အခါတော်နေ့**"ဆု၊ဖွား၊ပွင့်၊စံနှင့်ပတ်သက် ၍ ဧပြီ၃၀ရက် (ကဆုန်လပြည့်နေ့) မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီအထိ ဓမ္မ ဒါနပို့ချမည်ဖြစ်ရာ စိတ်ဝင်စားသူ မည်သူ မဆို တက်ရောက်နိုင်ကြောင်း သိရ သည်။

(က-ပ)

အမှတ်(၂၇) ကုန်ဈေးတန်းလမ်း ပုဇွန်တောင်မြို့နယ်နေ ကိုဟန်လင်း-မဆွေမာငြိမ်းမိသားစုက ဗဟန်းမြို့နယ် ဇီဝိတ ဒါနသံဃာ့ဆေးရုံကြီးတွင် ဆောက်လုပ်နေသော ခြောက်ထပ်ဆေးရုံ သစ်ကြီးအတွက် အလှူငွေကျပ်ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ် ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က-ပ)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း တောင်ဥက္ကလာပ မြို့နယ် (၆) ရပ်ကွက် အင်းဝလမ်း ၂၀ အမှတ် (၁၃၃) နေ ဦး ဝေ လင်း - ဒေါ်ကြည်ကြည်နှင့် သား သမီး တစ်စုက ဒဂုံ မြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာ တော်ကြီး၏တိပိဋက တိုးချဲ့ ခြောက်ထပ် ကျောင်းတော်ကြီး အတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ပင်မ) ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာထုတ်ပေး နိုင်ငံတစ်ဝန်းလုံး လှုပ်ရှားမှုတစ်ရပ်အနေဖြင့် ဆောင်ရွက်

ရန်ကုန် ဧပြီ ၂၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၀ရက် နံနက် ၁၀နာရီက ဧရာဝတီတိုင်း ပုသိမ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေသည်နိုင်ငံသား စိစစ်ရေးကတ်ပြားများ ထုတ်ပေးနေသည့် ဧရာဝတီတိုင်း ပုသိမ်မြို့နယ် ဦးစီးဌာနရုံးသို့ရောက်ရှိလာရာ လူဝင်မှုကြီးကြပ် ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းနှင့် ဧရာဝတီတိုင်း ဦးစီးဌာနမှူး ဦးမောင်ဩတို့က ပုသိမ်မြို့နယ်အတွင်း နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ထုတ်ပေးပြီးစီးမှုအခြေအနေနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြ ကြသည်။

ထို့နောက် ဝန်ကြီးသည် အသက်(၁၀)နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား လျှောက်ထားမှု၊ အသက်(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားမှု၊ အသက် (၁၀)နှစ်မှ(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား လဲလှယ်ဆောင်ရွက်မှု၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (ပျောက် ဆုံးပျက်စီး)မိတ္တူလျှောက်ထားမှုနှင့်စပ်လျဉ်း၍ဒုတိယညွှန်ကြား ရေးမှူး ဦးကံညွှန့်၊ မြို့နယ်ဦးစီးဌာနမှူး ဦးခင်မောင်သန်းနှင့် ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူ များအား ဆွေးနွေးမှာကြားသည်။

လွယ်ကူလျင်မြန်

ဆက်လက်၍ ဝန်ကြီးသည် မြို့နယ်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရပ်ကွက်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့ များမှ တာဝန်ရှိသူများအား တွေ့ဆုံကာ နိုင်ငံသားစိစစ်ရေး ကတ်ပြားနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဆွေးနွေး မှာကြားပြီး ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရာတွင် ပါဝင်ကူညီပံ့ပိုး ဆောင်ရွက်ပေးရမည့် လုပ်ငန်းများကို ရှင်းလင်း ပြောကြား ခဲ့ပြီး ဆက်လက်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေး ရာတွင် လွယ်ကူလျင်မြန်စေရေး နိုင်ငံတစ်ဝန်းလုံး လှုပ်ရှားမှု တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

အားပေး

ယင်းနောက် ဝန်ကြီးသည် စိစစ်ပြီးသည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ၃၂၀ကို သက်ဆိုင်ရာပြည်သူများထံ ပေးအပ်နေမှုများကို ကြည့်ရှုအားပေးသည်။**(အပေါ်ပုံ)**

(သတင်းစဉ်)

သမိုင်းဝင် ကျိုက္ကလော့စေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပွဲကျင်းပ
ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တင်လှူပူဇော်

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်၊ သမိုင်းဝင်ကျိုက္ကလော့စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇နာရီက အဆိုပါစေတီတော်၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို စေတီတော်အထွတ်၌ တင်လှူပူဇော်သည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ခေမ္မသာရ အမှူးပြုသော ဆရာတော်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးတင်စိုး၊ မင်္ဂလာဒုံတပ်နယ်တပ်နယ်မှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့် တပ်မတော်အရာရှိများ၊ ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ကျိုက္ကလော့စေတီတော် ဘက်စုံပြုပြင်မွမ်းမံရေး ကော်မတီဝင်များ၊ စေတီတော်ဂေါပက အဖွဲ့ဝင်များ၊ ရွှေထီးတော်အလှူရှင် ဦးသောင်းညွှန့်-ဒေါ်မြတ်မြတ်ခိုင် (မြတ်သစ္စာရွှေဆိုင်) နှင့် အလှူရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက် ကြည်ညိုကြသည်။

ရေးဦးစွာ ဆရာတော် အရှင်သူမြတ်များနှင့် ဧည့်ပရိတ်သတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ငါးပါးသီလခံယူ

ထို့နောက် နိုင်ငံတော် ဩဝါဒါစရိယဆရာတော် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ခေမ္မသာရထံမှ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် ဧည့်ပရိတ်သတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် ဘုံအဆင့်ဆင့်၊ ရွှေပန်းတောင်း၊ ငွေပန်းတောင်းများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော်အရှင်သူမြတ်တို့ထံ ဆက်ကပ်လှူဒါန်းကြသည်။

လှည့်လည်ပူဇော်

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးဒေါ်ခင်သက်ဌေး၊ တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်း၊ တာဝန်ရှိသူများနှင့် အလှူရှင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် ရွှေပန်းတောင်း၊ ငွေပန်းတောင်းတို့ကို စေတီတော်အား လက်ယာရစ်သုံးပတ် လှည့်လည်ပူဇော်ကြပြီး အဏ္ဏဝါမင်္ဂလာပန်းရထားဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် အလှူရှင်များ၊ တာဝန်ရှိသူများက စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို စေတီတော်အထွတ်၌ တင်လှူပူဇော်ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ရေစက်သွန်းချ

ထို့နောက် စေတီတော်ရင်ပြင်တော် တန်ဆောင်း၌ မင်္ဂလာဒုံမြို့နယ် ဩဝါဒါစရိယ ရေကြည်အိုင်ဆရာတော် ဘဒ္ဒန္တဩဘာသ ဟောကြားတော်မူသော အနုမောဒနာတရားကို ဧည့်ပရိတ်သတ်များက နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဆရာတော်အရှင်သူမြတ်များနှင့် ဧည့်ပရိတ်သတ်များက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နေ့ဆွမ်းဆက်ကပ်

အခမ်းအနားအပြီးတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ တာဝန်ရှိသူများနှင့် အလှူရှင်များက ဆရာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ မင်္ဂလာဒုံမြို့နယ် သမိုင်းဝင် ကျိုက္ကလော့စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပွဲတွင် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို စေတီတော်အထွတ်၌ တင်လှူပူဇော်ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းစဉ်။ (သတင်းစဉ်)

သဒ္ဓမ္မပါလ နေဖြူတိုက်သစ်ကျောင်း အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ

ရန်ကုန် ဧပြီ ၂၂

တောင်ဥက္ကလာပမြို့နယ် (၁၄/၂)ရပ်ကွက် ဇင်ယော်လမ်း သဒ္ဓမ္မပါလ နေဖြူတိုက်သစ်ကျောင်း၌ ဆဋ္ဌမအကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်း ကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကို ဧပြီ ၂၆ရက်မှ ၃၀ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။ ပဋ္ဌာန်းတောင်းများ၊ ပဋ္ဌာန်းအိုးများနှင့် ပဋ္ဌာန်းဝေယျာဝစ္စများကို အကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၅၆၃၁၄၁သို့ ဆက်သွယ်လှူဒါန်း၍ ကြွရောက်ကြည်ညိုနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ဘော့စနီးယား မိဘမဲ့ကလေးဂေဟာ မီးလောင် ကလေးငါးဦးသေဆုံး၊ ၁၇ဦးဒဏ်ရာရရှိ

ဆာရာဂျေဗို ဧပြီ ၂၂

ဘော့စနီးယားနိုင်ငံ ဆာရာဂျေဗိုမြို့ရှိ မိဘမဲ့ကလေးဂေဟာ၌ ဧပြီ ၂၂ ရက်က မီးလောင်မှုဖြစ်ပွားရာ ကလေးငါးဦး သေဆုံးပြီး အခြားကလေး ၁၇ ဦးနှင့် ကလေးများအား မီးလောင်နေသည့် အဆောက်အအုံအတွင်းမှ ကယ်တင်ပေးခဲ့သည့် သူနာပြုတစ်ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့နှင့် ဆေးရုံတာဝန်ရှိသူများက ပြောကြားသည်ကို ဧပြီ ၂၂ရက်က အင်တာနက် သတင်းတွင် ဖော်ပြသည်။

အသက်ရှူကျပ်

အဆိုပါမီးမှာ ကလေးများအိပ်ခန်းအတွင်းမှ စတင်လောင်ကျွမ်းခဲ့ခြင်း ဖြစ်ကြောင်း၊ ယောကျ်ားလေးသုံးဦးနှင့် မိန်းကလေးနှစ်ဦးမှာ ယင်းမီးလောင်မှု ဖြစ်ပွားစဉ် မီးခိုးများရှူရှိုက်မိ၍ အသက်ရှူကျပ်ကာ သေဆုံးခဲ့ခြင်း ဖြစ်ကြောင်း မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

ယင်းမီးလောင်မှုသည် နံနက်စောစောပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ မီးလောင်ပြီး ၁၀မိနစ်အတွင်း မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ ၎င်းမီးသည် ကလေးများအိပ်ပျော်နေသော တတိယထပ် အခန်းတစ်ခန်းအတွင်းမှ လောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ဘဂ္ဂဒက်၌ ကားဗုံးနှစ်လုံးဖြင့် တိုက်ခိုက် အနည်းဆုံး ၁၂ဦးသေဆုံး၊ ၈၂ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဧပြီ ၂၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ရဲစခန်းတစ်ခု၌ ဧပြီ ၂၂ရက်က ကားဗုံးနှစ်လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ အနည်းဆုံး ၁၂ဦး သေဆုံးပြီး ၈၂ဦး ဒဏ်ရာရရှိသွားကြောင်း အင်တာနက်တွင် သတင်းဖော်ပြသည်။

ယင်းကားဗုံးခွဲတိုက်ခိုက်သည့် ဒေသသည် ဘဂ္ဂဒက်မြို့တောင်ပိုင်း ဘာယားဒေသအနီး ရှီးယားအများစု နေထိုင်ရာရပ်ကွက်ဖြစ်သည်။

စစ်ဆေးရေးဂိတ်

အဆိုပါကားဗုံးနှစ်လုံးတိုက်ခိုက်မှုသည် ယင်းရဲစခန်းရှေ့၌ ကားဗုံးတစ်လုံးဖောက်ခွဲတိုက်ခိုက်ပြီး ကျန်တစ်လုံးမှာ ၎င်းရဲစခန်း၏ စစ်ဆေးရေးဂိတ်၌ဖြစ်သည်ဟု ဆိုသည်။ **(အင်တာနက်)**

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

စတော်ဘယ်ရီသီး စားသုံးခြင်းသည် ကင်ဆာ၊ နှလုံးနှင့်အဆစ်အမြစ်ရောင် ရောဂါများကာကွယ်နိုင်

စတော်ဘယ်ရီသီးကို စားသုံးခြင်းသည် ကင်ဆာ၊ နှလုံးနှင့် အဆစ်အမြစ်ရောင် ရောဂါများဖြစ်ပွားမှုကို အကာအကွယ်ပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ စမ်းသပ်လေ့လာချက်တစ်ရပ်၌ ဖော်ပြသည်။

အထောက်အကူပြု

စတော်ဘယ်ရီသီးကို အခြေခံထုတ်လုပ်ထားသော ဖျော်ရည်များကိုသောက်သုံးခြင်းဖြင့် လူတို့တွင် ကျန်းမာရေးအတွက် အထောက်အကူပြုစေသည့် အကျိုးရလဒ်များ ရရှိကြောင်း အစားအစာနှင့် သိပ္ပံဆိုင်ရာ ဆေးပညာဂျာနယ်တစ်ခု၌ သုတေသနပညာရှင်များက ဖော်ပြထားသည်။



ကောင်းကျိုးပြု

လတ်ဆတ်သော သစ်သီးများကို စားသုံးခြင်းသည် ၎င်းတို့တွင် ပါရှိသော သဘာဝဓာတ်ပစ္စည်းများကြောင့် လူတို့၏ကျန်းမာရေးအပေါ် ကောင်းကျိုးပြုစေကြောင်း အမေရိကန်လယ်ယာစိုက်ပျိုးရေးဆိုင်ရာ သုတေသနဌာနနှင့် ထိုင်းနိုင်ငံ ကာဆက်ဆတ်တက္ကသိုလ်တို့မှ သုတေသနပညာရှင်များက ပြောကြားသည်။

စတော်ဘယ်ရီသီးတွင် ပါဝင်သောဓာတ်များက လူတို့၏ခန္ဓာကိုယ်အတွင်း ဆဲလ်များနှင့် ဒီအင်န်အေပျက်စီးမှုများကို ထိရောက်သော ကာကွယ်မှုပေးနိုင်ကြောင်း သိရသည်။

(အင်တာနက်)

ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်း အပ်စိုက် အထူးအစီအစဉ် တိုးချဲ့ဆောင်ရွက်

ရန်ကုန် ဧပြီ ၂၂

ရန်ကင်းပြည်သာယာ (ကျိုက္ကဆံ စူပါဝမ်း တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်းကျောင်း၌ ဖွင့်လှစ်ထားသော ကုသိုလ်ဖြစ်ဆေးခန်း၌ ဝေဒနာရှင်တို့၏ လိုအပ်ချက်ကိုဖြည့်ဆည်းသောအားဖြင့် အပ်စိုက်အထူးကု အစီအစဉ်ကို တစ်ပတ်လျှင် သုံးရက်တိုးချဲ့ဆောင်ရွက်ပေးမည်ဖြစ်ပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ညနေ၄နာရီမှ ည၇နာရီအထိ ဒေါက်တာဦးအောင်မြတ်သွင် (အပ်စိုက် အထူးကုသမားတော်၊ မေ့ဆေးပါမောက္ခ) ကလည်းကောင်း၊ တနင်္လာနေ့နှင့် သောကြာနေ့များတွင် ညနေ ၄နာရီခွဲမှည ၇နာရီအထိ ဒေါက်တာ ဦးမြင့်မောင်သိန်းက လည်းကောင်း ကုသိုလ်ဖြစ် ဆောင်ရွက်ပေးကြမည်ဖြစ်သည်။

လှူဒါန်းနိုင်

ဆေးနှင့် အလှူတော်ငွေများကို ရွှေပြည်ဟိန်းကျောင်း ဖုန်း- ၅၄၁၄၉၃၊ ၀၉-၅၁- ၀၂၁၉၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မှန်မှန်ကန်ကန် တိုင်ကြားပါ

သန့်ရှင်းသော အစိုးရဖြစ်ရေးအတွက် ဝန်ကြီးဌာနများက ဌာနအလိုက် အသီးသီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ဝန်ထမ်းများ မမှန်မကန်ပြုလုပ်ပါက ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ဌာနဆိုင်ရာ အသီးသီးက သတင်းစာများတွင် ထည့်သွင်းဖော်ပြလျက်ရှိသည်။

တရားရုံးချုပ်ဝန်ထမ်းများ

နိုင်ငံတော်၏ တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာစေရန် ထိန်းသိမ်းရသော တရားရုံးများတွင် အဂတိတရားကင်းရှင်းပြီး တရားမျှတမှု၊ သာနာညီမျှမှု၊ စိတ်ကောင်းစေတနာရှိမှုစသည့် လောကပါလတရားများ ဦးထိပ်ထား၍ ပြည်သူများ၏ ယုံကြည်အားကိုးမှု ရရှိစေမည့် ဥပဒေနှင့်အညီ တရားစီရင်သောစနစ် ဖြစ်ထွန်းရေးအတွက် ရည်မှန်းချက်ထား၍ဆောင်ရွက်လျက်ရှိသည်။ ယင်းရည်မှန်းချက် မပျောက်ပျက်စေရန်အတွက် တရားရုံးချုပ်က အစဉ်ကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ တရားရုံးချုပ်နှင့် တရားရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ပြည်သူ့ဝန်ထမ်း အဆင့်အတန်း အားလုံးအနက် တစ်ဦးဦးသည် မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်ကို ကျင့်သုံးရာတွင် ငွေကြေး၊ ပစ္စည်း၊ အခွင့်အရေးတို့ကို လက်ခံရယူ၍ လာဘ်ပေးလာဘ်ယူမှု ပြုလုပ်လျှင်သော်လည်းကောင်း၊ ကိုယ်ကျိုးရှာမှု၊ အနိုင်အထက်ပြုမှုများ ပြုလုပ်လျှင်သော်လည်းကောင်း၊ တည်ဆဲလုပ်ထုံးလုပ်နည်းများနှင့် မကိုက်ညီသော ပြုလုပ်မှုများကို လုပ်ကိုင်လျှင်သော်လည်းကောင်း၊ ထိခိုက်နစ်နာသူကိုယ်တိုင် စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ ဖက်(စ်)ဖြင့် ဖြစ်စေ သတင်းပေးတိုင်ကြားနိုင်ကြောင်း ကြေညာထားသည်။

ရှေ့နေချုပ်ရုံးဝန်ထမ်းများ

နိုင်ငံတော်၏ တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာစေရန်လည်းကောင်း၊ အများပြည်သူတို့၏ယုံကြည်အားကိုးသည့် ဥပဒေရုံးများဖြစ်ပေါ်လာစေရန်လည်းကောင်း၊ အများပြည်သူအတွက် ဥပဒေပါ ဝန်ဆောင်မှုပေးနိုင်ရန်လည်းကောင်း ရှေ့နေချုပ်ရုံးက ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ ဥပဒေရုံးအဆင့်ဆင့်မှ ဝန်ထမ်းတစ်ဦးဦးအနေဖြင့် မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ ငွေကြေး၊ ပစ္စည်း၊ အခွင့်အရေးတို့ကို လက်ခံရယူခြင်း၊ လာဘ်ပေးလာဘ်ယူမှုပြုလုပ်ခြင်း၊ ကိုယ်ကျိုးရှာမှု၊ အနိုင်အထက်ပြုမှုများ ပြုလုပ်ခြင်း၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် မကိုက်ညီသော ပြုလုပ်ခြင်းများကို လုပ်ကိုင်သည့်အတွက် ထိခိုက်နစ်နာသူများသည် ကိုယ်တိုင်စာဖြင့် ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ ဖက်(စ်)ဖြင့်ဖြစ်စေ သတင်းပေးတိုင်ကြားနိုင်ကြောင်း ကြေညာထားသည်။

မြန်မာနိုင်ငံတရားရုံးချုပ်ရှေ့နေများကောင်စီဝန်ထမ်းများ

နိုင်ငံတော်သည် အများပြည်သူ ယုံကြည်အားကိုးသည့် တရားရေးမဏ္ဍိုင်ခိုင်မာစေရေးအတွက် အဘက်ဘက်မှ စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ တရားရုံးချုပ်ရှေ့နေများကောင်စီ အနေဖြင့်လည်း ရှေ့နေရှေ့ရပ်များကို အများပြည်သူအတွက် ကောင်းမွန်မှန်ကန်သော ဝန်ဆောင်မှုပေးနိုင်ကြရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် တရားရုံးချုပ်ရှေ့နေ တစ်ဦးဦးသည် ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာနှင့်တာဝန်ကို ဖောက်ဖျက်သည့် အပြုအမူ တစ်စုံတစ်ရာ ကျူးလွန်ပါက နစ်နာသူများသည် ကိုယ်တိုင်စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ ဖက်(စ်)ဖြင့်ဖြစ်စေ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ကြေညာထားသည်။

အထက်ပါအတိုင်း ဝန်ကြီးဌာနအသီးသီးသည် မိမိတို့၏ ဌာနဆိုင်ရာဝန်ထမ်းများအနေနှင့် မမှန်မကန်ဆောင်ရွက်မှုအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိရပါက လိုအပ်သလို အရေးယူသွားမည် ဖြစ်ပါသည်။ ဝန်ထမ်းတိုင်း ထာဝစဉ် ပြုမူစောင့်ထိန်းရမည့် ကျင့်ဝတ်နှင့်စည်းကမ်းများကို အလျဉ်းသင့်၍ ကောက်နုတ်တင်ပြလိုပါသည်။

ကျင့်ဝတ်နှင့်စည်းကမ်းများ

နိုင်ငံတော်တွင် ဝန်ထမ်းတိုင်း ထာဝစဉ်ပြုမူ စောင့်ထိန်းရမည့် ကျင့်ဝတ်နှင့်လိုက်နာရမည့် စည်းကမ်းများကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည်–

(၁) **နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိခြင်း၊**
(၂) **ဥပဒေကို လေးစားလိုက်နာခြင်း၊**
(၃) **ပြည်သူတို့၏ အကျိုးစီးပွားကို အလေးထားခြင်း၊**
(၄) **နိုင်ငံတော်၏ဘဏ္ဍာဆုံးရှုံးမှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊**
(၅) **နိုင်ငံတော်၏ လျှို့ဝှက်ချက်၊ အရေးကြီးသည့် လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်နှင့် စာရွက်စာတမ်းတို့ကို လုံခြုံစွာ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊**
(၆) **အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ငန်းဆိုင်ရာ စည်းကမ်းများကို လေးစားလိုက်နာခြင်း၊**
(၇) **ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခြင်း၊**
(၈) **တာဝန်နှင့်ဝတ္တရားကို ရိုးသားဖြောင့်မတ်စွာ ဆောင်ရွက်ခြင်း၊**
(၉) **စွမ်းရည်တိုးတက်မြင့်မားလာစေရန် အစဉ်ဆည်းပူးအားထုတ်ခြင်း၊**
(၁၀) **တံစိုးယူမှု၊ အဂတိလိုက်စားမှု၊ တာဝန်အလျောက် အပ်နှင်းထားသည့် အခွင့်အာဏာကို အလွဲသုံးစားပြု၍ ကိုယ်ကျိုးရှာမှုတို့ကို ရှောင်ကြဉ်ခြင်း၊**
(၁၁) **အကျင့်စာရိတ္တပျက်ပြားမှု၊ သိက္ခာမဲ့စွာ နေထိုင်ပြုမူမှုတို့ကို ရှောင်ကြဉ်ခြင်း၊**
(၁၂) **ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံခြင်း၊**

ဌာနဆိုင်ရာစုံစမ်းစစ်ဆေးခြင်း

ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းကို အထက်အာဏာပိုင်ဖြစ်သူက လက်အောက်အမှုထမ်း၏ အပြုအမူနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်းပြုနိုင်ပေသည်။

ပဏာမမေးမြန်းစုံစမ်းစစ်ဆေးခြင်း

အစိုးရအမှုထမ်းတစ်ဦးအပေါ်၌ အရေးယူရန် လိုအပ်သည်ဟု ယုံကြည်ယူဆသောအခါ သက်သေခံစုဆောင်းရန် ပဏာမစုံစမ်းမေးမြန်းခြင်း ပြုလုပ်ပေသည်။ မည်သည့်စုံစမ်းစစ်ဆေးမှုမဆို နည်းလမ်းတကျ စုံစမ်းစစ်ဆေးပေသည်။

ဦးဟာန်ညွန့် (ဥပဒေ)

ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်များ

ဌာနဆိုင်ရာအရေးယူမှုတွင် ဝန်ထမ်း၏ အပြစ်ကြီးငယ်အလိုက် ထိုက်သင့်ရာ အပြစ်ပေးနိုင်ရန် သတ်မှတ်ထားသည့် ပြစ်ဒဏ်အဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(၁) **ပြစ်တင်ရှုတ်ချခြင်း၊**
(၂) **နှစ်တိုးလစာ ရပ်ဆိုင်းထားခြင်း သို့မဟုတ် ရာထူးတိုးမြှင့်ခြင်းကို ဆိုင်းငံ့ထားခြင်း၊**
(၃) **ရာထူးအဆင့် လျှော့ချခြင်း၊ သို့မဟုတ် လစာနှုန်းအဆင့် လျှော့ချခြင်း၊ သို့မဟုတ် လစာနှုန်းအတွင်း လစာလျှော့ချခြင်း၊**
(၄) **(ပေါ့လျော့မှု၊ သို့မဟုတ် စည်းကမ်းဖောက်ဖျက်မှုကြောင့် ဖြစ်ပေါ်ရသော) ငွေကြေးဆုံးရှုံးမှု တစ်ရပ်လုံးကိုသော် လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း၊ ဝန်ထမ်း၏လစာမှ ပေးလျော်စေခြင်း၊**
(၅) **တာဝန်မှ ယာယီရပ်ဆိုင်းထားခြင်း၊**
(၆) **(နောင်အခါ ရာထူးပြန်လည်ခန့်ထားရန် အရည်အချင်း မပျက်ယွင်းစေဘဲ) ရာထူးမှ ထုတ်ပယ်ခြင်း၊**
(၇) **(နောင်အခါ ရာထူးပြန်လည်ခန့်ထားရန် သာမန်အားဖြင့် အရည်အချင်း ပျက်ယွင်းစေသော) ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း၊**

ပြစ်ဒဏ်များနှင့်ပတ်သက်၍ ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးလက်စွဲတွင်လည်း အောက်ပါအတိုင်း ဖော်ပြထားပါသည်–

(၁) **သတိပေးခြင်း၊**
(၂) **နှစ်တိုးလစာရပ်ဆိုင်းခြင်း၊**
(၃) **ရာထူးတိုးမြှင့်ခြင်းကို ရပ်ဆိုင်းခြင်း၊**
(၄) **လစာနှုန်းအတွင်း လစာလျှော့ချခြင်း၊**
(၅) **ရာထူးအဆင့်လျှော့ချခြင်း၊**
(၆) **လစာမှပေးလျော်စေခြင်း၊**
(၇) **တာဝန်မှရပ်ဆိုင်းခဲ့သည့်ကာလအတွက် လစာအပြည့် ခံစားခွင့်မပြုခြင်းသို့မဟုတ် ထိုကာလကိုတာဝန်ချိန်အဖြစ် မသတ်မှတ်ခြင်း၊**
(၈) **ရာထူးမှရပ်စဲခြင်း၊**
(၉) **ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခြင်း၊**

ပြည်သူ့ဝန်ထမ်း၏ဂုဏ်အင်

"ပြည်သူ့ဝန်ထမ်း"ဟူသည် **"ပြည်သူတို့၏ ဝန်ကိုထမ်းသူ၊ ပြည်သူ့တာဝန်ကို ကျေပွန်သူ"**ဟူ၍ အဓိပ္ပာယ်ဆောင်ပါသည်။ "ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်"ဆောင်ပုဒ်ဖြင့် ပြည်သူက အားထားရသူများလည်း ဖြစ်ပါသည်။ မြတ်နိုးဖွယ် ပြည်သူ့ဝန်ထမ်းဘဝကို ဝန်ထမ်းတိုင်း အလွယ်တကူ ရခဲ့သည်တော့မဟုတ်ပါ။ အဆင့်ဆင့် ကြိုးစား၊ နိုးကြားကာ တာဝန်ထမ်းခဲ့၍ ရာထူးတာဝန်အဆင့်ဆင့် ထမ်းဆောင်ရခြင်း ဖြစ်ပါသည်။ ယနေ့ တာဝန်ထမ်းဆောင် မနက်ဖြန် အလုပ်ပြုတ်သော ဝန်ထမ်းများ မဖြစ်ကြစေလိုပါ။ ပြည်သူ့ဝန်ထမ်းအဖြစ် ခက်ခက်ခဲခဲ၊ နက်နက်နဲနဲ ကြိုးပမ်းအားထုတ်သူတွေ၊ စိုက်စိုက်မတ်မတ် ကြိုးကုတ်သူတွေ အများကြီးပါ။ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်သည့်အဖြစ်မျိုးရှိနိုင်ပါသည်။ ရှိတော့ရှိသည် ရှားသည်ဟု ဆိုချင်ပါသည်။ ပြည်သူ့ ဝန်ထမ်းများ ရှောင်ရန်၊ ဆောင်ရန်လိုပါမည်။ ပြည်သူ့သစ္စာခံယူရပါမည်။ မိမိအမှား အယွင်းကြောင့် မိမိအရေးယူခံထိုက်ပါသည်။

မှန်မှန်ကန်ကန်တိုင်ကြားပါ

အမှန်တကယ် ပြည်သူ့အကျိုးကို ထမ်းဆောင်ပါလျက် မလိုမုန်းထား၍ဖြစ်စေ၊ ကိုယ့်ဆန္ဒကိုယ်သာ အဓိကထား၍ဖြစ်စေ၊ **"ဘယ်သူသေသေ၊ ငတေမာပြီးရော"**စိတ်ဓာတ်ဖြင့် လုပ်ကြံဖန်တီး၍ တိုင်စာပို့ခြင်းမျိုးကို မည်သူမျှ လက်ခံမည်မဟုတ်ပါ။ ဝန်ထမ်းဘဝ မြတ်မြတ်နိုးနိုး၊ ကြိုးစားထမ်းဆောင်သူတွေအပေါ် မှားယွင်း၊ အထင်လွဲ၍ တိုင်ကြားခြင်းမျိုး မဖြစ်သင့်ပါ။ တရားရုံးအမှုအခင်းတွေမှာ**"ကိုယ်နိုင်ရင် ပြီးရော"** လုပ်ကြံဖန်တီး တိုင်သူတွေ ဒုနှင့်ဒေးရှိနေကြသည် မဟုတ်ပါလား။ ဓာတ်ပေါင်းခန်းမှာ အဖြေပေါ်မည်ဖြစ်သော်လည်း ဓာတ်မပေါင်းခင် တိုင်စာ၊ ပစ်စာကြောင့် ရာထူးချခံရသူဝန်ထမ်းအတွက် ရတက်မအေးစရာပါ။ အဖြစ်မှန်၊ အခြေအနေမှန်ကို မစူးစမ်း၊ မလေ့လာဘဲ "ထစ်ခနဲရှိ တိုင်စာကြည့်" မမှန်မကန် ဝါးလုံးရှည်ဖြင့် သိမ်းကျုံး မတိုင်ကြားသင့်ပါ။ "အမှန်တရား"မပျောက်ကွယ်သင့်ပါ။

သို့ဖြစ်ပါ၍–

(၁) **မမှန်မကန်ဆောင်ရွက်လျှင် တိုင်ကြားပါ။**
(၂) **သို့သော် မှန်မှန်ကန်ကန်တိုင်ကြားပါဟု ရေးသားတင်ပြအပ်ပါသည်။ ။**

အမှန်တကယ် ပြည်သူ့အကျိုးကို ထမ်းဆောင်ပါလျက် မလိုမုန်းထား၍ ဖြစ်စေ၊ ကိုယ့်ဆန္ဒကိုယ်သာ အဓိကထား၍ ဖြစ်စေ၊ "ဘယ်သူသေသေ၊ ငတေမာပြီးရော" စိတ်ဓာတ်ဖြင့် လုပ်ကြံဖန်တီး၍ တိုင်စာပို့ခြင်းမျိုးကို မည်သူမျှ လက်ခံမည် မဟုတ်ပါ။ ဝန်ထမ်းဘဝ မြတ်မြတ်နိုးနိုး၊ ကြိုးစား ထမ်းဆောင်သူတွေအပေါ် မှားယွင်း၊ အထင်လွဲ၍ တိုင်ကြားခြင်းမျိုး မဖြစ်သင့်ပါ။

မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် ပုလဲ တိုးချဲ့ဖွင့်လှစ် ခေတ်မီကွန်ပရက်ဆာနှင့် ဓာတ်ငွေ့ဖြည့်နှုန်းမြင့်မားသည့် ဖြည့်ခေါင်းများအသုံးပြု တစ်နေ့ပျမ်းမျှ ယာဉ်အစီးရေ ၄၀၀ ထက် နှစ်ဆကျော် တိုးမြှင့်ရောင်းချနိုင်မည်

ရန်ကုန် ဧပြီ ၂၂

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် အမှတ်(၀၀၈)ပုလဲ တိုးချဲ့ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၇နာရီခွဲက ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ်(၃) လမ်းမကြီးပေါ်ရှိ အဆိုပါအရောင်းဆိုင်ရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းရွှေ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အထွေထွေမန်နေဂျာ ဦးသိန်းဌေးက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်နှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းရွှေက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက အရောင်းဆိုင်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

လိုက်လံရှင်းလင်းပြသ

ယင်းနောက် တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ ညွှန်ကြားရေးမှူး ဦးမြင့်ဌေးနှင့် အထွေထွေမန်နေဂျာ ဦးသိန်းဌေးတို့က လိုက်လံရှင်းလင်းပြသကြသည်။

နှုတ်ဆက်အားပေး

ဆက်လက်၍ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် မော်တော်ယာဉ်ကို သဘာဝဓာတ်ငွေ့ ဖြည့်သွင်းနေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး မော်တော်ယာဉ် ယာဉ်မောင်းများအား နှုတ်ဆက်အားပေးစကား ပြောကြားကြသည်။

ယခု ဖွင့်လှစ်သော သဘာဝဓာတ်ငွေ့အရောင်းဆိုင်၌ စွမ်းရည်မြင့်မားခေတ်မီသော ကွန်ပရက်ဆာများနှင့် ပိုမိုလုံခြုံစိတ်ချရပြီး ဓာတ်ငွေ့ဖြည့်နှုန်းမြင့်မားသည့် NGV-4 ဓာတ်ငွေ့ဖြည့်ခေါင်းများကို တပ်ဆင်အသုံးပြုထားသဖြင့် ယခင် ဖြန့်ဖြူးရောင်းချနေသည့် တစ်နေ့ပျမ်းမျှ ယာဉ်စီးရေ ၄၀၀ ထက် နှစ်ဆကျော်ခန့်ထိ တိုးမြှင့်ရောင်းချ ပေးသွားနိုင် မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းရွှေတို့ သဘာဝဓာတ်ငွေ့အရောင်းဆိုင်အတွင်း မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ ဖြည့်တင်းပေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

မဇ္ဈိမဒေသရှိ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ၏အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး(ဗုဒ္ဓဘာသာ ပညာရေးဗိမာန်တော်ကြီး)အတွက် ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံ ရာဇာဓိရာဇ် ၅လမ်း၊ အမှတ် ၁၄/၈/၁၈၆၆နေ ဖခင်ဦးအုန်းမောင်နှင့် မိခင်ဒေါ်သန်းမေတို့အား ရည်စူး၍ သားသမီး၊ မြေးမြစ်တစ်စုက အလှူငွေကျပ် ငါးသိန်းကို ကျောင်းဖြစ်မြောက်ရေး ဥက္ကဋ္ဌ ဆရာတော် ဦးရာဇိန္ဒ ရှေ့မှောက်တွင် လှူဒါန်းရာ အမှုဆောင် ဒေါ်စန်းစန်းနုက လက်ခံယူစဉ်။ (က-ပ)

ဝတ်စုံပေးအပ်ပွဲနှင့် ဂုဏ်ပြုပွဲကျင်းပ

မန္တလေး အောင်မြေသာစံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့အတွက် ဝတ်စုံများပေးအပ်လှူဒါန်းပွဲနှင့် ဂုဏ်ပြုပွဲကို မတ် ၂၉ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်သိန်းက အမှာစကားပြောကြားပြီး မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်ခင်သန်းက အလှူရှင်များအား ဂုဏ်ပြုခြင်းနှင့် ဆယ်အိမ်စုမှူးသင်တန်းအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် အလှူရှင် ပြည်ကြီး ကျက်သရေအနောက်နေ ဦးစောဝင်းသန်း၊ ဒေါ်သန်းသန်းဝင်းတို့က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ဝတ်စုံ ၂၀ နှင့် အမျိုးသမီးရေးရာအဖွဲ့အတွက် ဝတ်စုံ ၁၀ စုံကို မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်ခင်သန်းထံ ပေးအပ်လှူဒါန်းရာ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်း သိရသည်။ (၁၆၂)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေး

ကျေးရွာနေ ပြည်သူများ အသိပညာ ဗဟုသုတ ရရှိစေရေးနှင့် စာဖတ်သည့် အလေ့အထ ကောင်းများ ရရှိစေရေးအတွက် ရည်ရွယ်လျက် ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးဆွေးနွေးပွဲကို မတ် ၂၄ ရက်က ကွမ်းလုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး စာကြည့်တိုက် ခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ရွှေက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဒေါ်နန်းမြမြဝင်းက ခိုင်မာသည့် စာကြည့်တိုက်များ ဖြစ်ပေါ်လာရေးနှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများကို ရှင်းလင်းဆွေးနွေးသည်။ (ခရိုင် ပြန်/ဆက်)

ဝိုင်းမော်မြို့နယ် မဒိန်ကျေးရွာ၌ ခြံစည်းရိုးကြက်ဆူပျိုးထောင်

ဝိုင်းမော်မြို့နယ် အတွင်း ခြံစည်းရိုးကြက်ဆူလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဝိုင်းမော်မြို့ပေါ်(ငါး)ရပ်ကွက်နှင့်မဒိန်၊ ဂူယန်၊ နန့်ဝါ၊ ဝါးရှောင်နှင့် ဒိန်ဂျန်ယန်ကျေးရွာအုပ်စုတို့၏ စိုက်ပျိုးရေးဇုန်(၁) စံပြစိုက်ခင်း မဒိန်ကျေးရွာတွင် မတ် ၂၂ ရက် နံနက်၉နာရီက စုပေါင်းပျိုးထောင်ပွဲကိုကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးသောင်းဖေနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြပြီး ခြံစည်းရိုးကြက်ဆူကိုင်းပင် ၃၀၀၀နှင့် မျိုးစေ့ လေးတင်းကိုအင်အား ၃၀၀ ဖြင့် စုပေါင်းပျိုးထောင်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း

ပြည်တွင်း သတင်း အတိုအထွာ

အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေး ညောင်ရွှေ၌ ထိုးနှံ

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်၏ အစုလိုက် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းဖွင့်ပွဲ အခမ်းအနားကိုမတ်၁၇ရက်နံနက်၇နာရီခွဲက မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနီလာစိုးက ကာကွယ်ဆေးထိုးလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မင်္ဂလာရပ်ကွက်နှင့် နန်းပန်ရပ်ကွက်ရှိအသက် ကိုးလမှ ငါးနှစ်အောက် ကလေးငယ်များအား ဝက်သက်ကာကွယ်ဆေး ထိုးနှံပေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စစ်တုရင်ဂရင်းမာစတာနှင့် ဝါသနာရှင် ၂၀ တစ်ပြိုင်တည်းကစား

မြန်မာနိုင်ငံ စစ်တုရင် ဂရင်းမာစတာ အမျိုးသားတံခွန်စိုက် ချန်ပီယံ ဦးဇော်ဝင်းလေးသည် ကောလင်းမြို့နယ်အားကစားကော်မတီစစ်တုရင်ဆပ်ကော်မတီ၏ ဖိတ်ကြားချက်အရ ဧပြီ၅ရက်က စစ်ကိုင်းတိုင်း ကောလင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမတွင် ဝါသနာရှင် ၂၀ (ခုံ-၂၀)ဖြင့် မြန်မာအကွရာ ဂပုံသဏ္ဍာန် တစ်ပြိုင်တည်း ယှဉ်ပြိုင်ကစားခဲ့ရာဂရင်းမာစတာဦးဇော်ဝင်းလေးက ပြိုင်ပွဲ ၂၀ စလုံးကို အနိုင်ရရှိသည်။

ပြိုင်ပွဲအပြီးတွင် မြို့နယ် အားကစားနှင့် ကာယပညာဦးစီးအရာရှိ ဦးကျော်ဆွေဝင်းနှင့် မြို့နယ်စစ်တုရင်ဝါသနာရှင်များက ဂရင်းမာစတာ ဦးဇော်ဝင်းလေးအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ချီးမြှင့်ကြကြောင်း သိရသည်။ (၀၂၆)

ဖန်းမော်တွင် ခြံစည်းရိုးကြက်ဆူ စုပေါင်းပျိုးထောင်

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ်၏ ၂၀၀၇-၂၀၀၈ ခုနှစ် ခြံစည်းရိုးကြက်ဆူ စုပေါင်းပျိုးထောင်ပွဲအခမ်းအနားကို ဧပြီ၁၀ ရက် နံနက်၇နာရီက သာစည်ရပ်ကွက် ရထိုက်ကွင်း၌ကျင်းပရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များသို့ ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် ပျိုးကိုင်းများပေးအပ်ပြီး ပျိုးအိတ်၊ ပျိုးပေါင်များအတွင်းစုပေါင်းပျိုးထောင်ကြကြောင်းသိရသည်။ (ခရိုင် ပြန်/ဆက်)

ပရဟိတမျက်မမြင်ပညာသင်ကျောင်း ဓမ္မာရုံဆောက်လုပ်ရေးအလှူငွေပေး

ပြင်ဦးလွင်မြို့ ပရဟိတမျက်မမြင်ပညာသင်ကျောင်း ဓမ္မာရုံဆောက်လုပ်ရေးအတွက် အလှူငွေများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မတ် ၁၄ရက်က အဆိုပါကျောင်း၌ကျင်းပရာ မန္တလေးမြို့နေ ဦးအန်ဟိုင်း-ဒေါ်အေးသီမိသားစုက အလှူငွေ ၁၆၆၃၅၃၈ကျပ်၊ ဦးမောင်မောင်ဝင်း-ဒေါ်လီလီမြင့်မိသားစုက သဲ ၆၅ ကျင်းအတွက် အလှူငွေကျပ် ၁၇၅၅၀၀၀၊ မူဆယ်မြို့နေ ဦးအိုက်စံအားရည်စူး၍ ဒေါ်ရီမေလန် (ဝမ်လီစတိုး)က အလှူငွေကျပ် ၂၄၈၂၅၀၀၀၊ ရွှေဘိုမြို့နယ် ကျားလယ်ရွာနေ ဒေါ်သိန်းလွင်မိသားစုက အလှူငွေကျပ် ၁၅၀၀၀၀၊ ပြင်ဦးလွင်မြို့နေ ဦးအောင်ဆု-ဒေါ်သွယ်သွယ်အေးမိသားစုက အလှူငွေကျပ် ၁၀၀၀၀၀၊ ဦးသိန်းဆွေ-ဒေါ်မြင့်မြင့်နွယ်မိသားစုက အလှူငွေကျပ် ၁၀၀၀၀၀၊ ပြင်ဦးလွင်မြို့ အမှတ်(၁) သံနှင့်သံမဏိစက်ရုံ အထွေထွေမန်နေဂျာ ဦးစောမိုးမြင့်-ဒေါ်ဘေဘီမိသားစုက အလှူငွေကျပ် ၁၀၀၆၀၀၀၊ ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက အလှူငွေကျပ် ၁၀၀၀၀၀နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက အလှူငွေကျပ် ၅၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။ **(ခရိုင်ပြန်/ဆက်)**

မြစ်ကြီးနား စည်ပင် မြို့သန့်ရှင်းလှပရေးဆောင်ရွက်

မြစ်ကြီးနား မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြစ်ကြီးနားမြို့အားသန့်ရှင်းသပ်ရပ်လှပပြီး ကျန်းမာရေးနှင့်ညီညွတ်သော မြို့ဖြစ်စေရန်ကျန်းမာသန့်ရှင်းရေး စီမံချက်နှင့်အညီ နေ့စဉ်ဆောင်ရွက်လျက်ရှိရာ မတ် ၂၄ ရက်က ဦးစီးအရာရှိ ဦးခင်အောင်နီနှင့် ဒုတိယဦးစီးမှူး (သန့်) ဒေါ်လဖိန်လုတောင် ဦးစီးကြီးကြပ်ကာ ဝန်ထမ်းများသည် ရုံးတွင်း၊ရုံးပြင်သန့်ရှင်းသပ်ရပ် သာယာလှပရေးဆောင်ရွက်ခြင်း၊ ရုံးဝင်းအတွင်း စိုက်ပျိုးထားသော ရာသီပန်းများ အဆက်မပြတ် ဖူးပွင့်ရေးပြုစု၍ မြေဆွေးကျွေးခြင်း၊ ရုံးပတ်လည် ရေဆိုးထုတ်မြောင်းများအတွင်း အမှိုက်သရိုက်၊ နုန်းမြေများ ဆယ်ထုတ် စွန့်ပစ်ခြင်းနှင့် ရုံးရှေ့ကမ်းနားလမ်းရှိ ပုံဖော်ပန်းပင်များ ပုံဖော်ဆောင်ရွက်ပေးခြင်း ဆောင်ရွက်သည့်လုပ်ငန်း ဆောင်ရွက်မှုကို မြို့နယ်တာဝန်ခံအရာရှိ ဦးဇော်မိုး က ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၂၃-၄-၂၀၀၇
(တနင်္လာနေ့)

၇:၀၀ MRTV-4 အဖွင့် Logo
ယနေ့အစီအစဉ်
၇:၀၅ အမေအိုရဲ့ ဓမ္မအောင်လံတရားတော် (အပိုင်း-၂) (မဇ္ဈိမဂုဏ်ရည် ဆရာတော် အရှင်ကောဝိဒ)
၈:၀၅ ဆံတော်ရှင် ကျိုက်ထီးရိုးဘုရားဖူး ခရီးသွားမှတ်တမ်း (အပိုင်း-၂)
၈:၂၀ တေးဂီတအစီအစဉ်
၈:၂၅ သဘာဝကပေးတဲ့ အကျိုးအာနိသင်
၈:၄၀ တေးဂီတအစီအစဉ်
၈:၄၅ လောကကို အလှဆင်မည့် ပန်းများရဲ့ဥယျာဉ်
၉:၀၅ ပြည်တွင်းသတင်းအကျဉ်း
၉:၁၅ ငွေကြယ်ပွင့်တို့ရဲ့ ဖြစ်တည်မှု (တေးသံရှင် ဘိုဖြူနှင့် တွေ့ဆုံခြင်း)
၉:၅၅ တေးဂီတအစီအစဉ်
၁၀:၀၀ ကမ်းခြေဟိုတယ်တစ်ခု၏ ဗိသုကာအနုပညာ
၁၀:၁၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၂၀ မျိုးဂုဏ်မြင့်စေမည့် မြန်မာ့ပန်းယွန်းပညာ
၁၀:၃၅ တေးဂီတအစီအစဉ်
၁၀:၄၀ စားချင်စဖွယ်ရာ မုန့်လုပ်နည်း အသွယ်သွယ် (အုန်းစိမ်းနုကျောက်ကျော)
၁၀:၅၀ ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀ မေတ္တာရိပ်ဖြာ ပန်းဝက်ပါ
၁၁:၂၀ ဒေသဖွံ့ဖြိုးတိုးတက်စေမည် "ဒုဋ္ဌဝတီ"
၁၁:၃၀ မိုးလေဝသခန့်မှန်းချက်
၁၁:၃၅ တေးဂီတအစီအစဉ်
၁၁:၄၀ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (သောင်းပြောင်းထွေလာ ကျန်းမာရေးပြဿနာများ) (အပိုင်း-၃) (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) (ဧည့်သည်တော် ပိုင်သခ်၊ ပုလဲဝင်း)
၁၂:၁၀ နိုင်ငံတကာသတင်းအကျဉ်း
၁၂:၁၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (အကောင်းဆုံး တေးစီးရီး မိတ်ဆက်ပွဲ)
၁၂:၃၅ တေးဂီတအစီအစဉ်
၁၂:၄၀ အလှမှာအယဉ်ဆင့် အမြင်ဆန်းသည့်အထည်
၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပြည်တွင်းပြည်ပဈေးကွက်၌ မျက်နှာပန်းလှနေသည့် မုဒုံမြို့နယ်မှ ပိုးထည်အဆင်ဆန်းများနှင့်စောင်

သတင်းဆောင်းပါး - နုနုရီနှင့်တင်တင်ဝင်း
ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)

ကျေးရွာတစ်ရွာ၊ ကုန်ထုတ်လုပ်ငန်းတစ်ခု နိုင်ငံအကျိုးပြု

ချည်သားကို ရိုးရိုး ချည်နှင့် စီလွန်ချည်နှစ်မျိုး သုံးပါတယ်။

(ဒေါ်မြရွှေ ရက်ကန်းလုပ်ငန်း)

ရန်ကုန် ဧပြီ ၂၂

မွန်တို့ဌာနေ ရာမညတွင် မုဒုံမြို့ဟု ဆိုသံကြားသည်နှင့် အရောင်အသွေးဆန်းကြယ် တာရှည်အသုံးခံသည့် မုဒုံစောင်ထည်၊ ချည်ထည်များကို အမှတ်ရမိတတ်ကြသည်။ စောင်ထည်နှင့်ထဘီများ ရက်လုပ်ရာတွင်မုဒုံမြို့နယ်သည် ရေးနှစ်ပေါင်းများစွာကတည်းက နာမည် ရ၍ ထင်ရှား ကျော်ကြားခဲ့သည်။

မုဒုံသို့

လျှော်ဖွပ်၍ နှစ်တာရှည် အသုံးခံခြင်း၊ ဆေးရောင် မပျယ်ခြင်း၊ အနံ၊ အလျားပြည့်မီခြင်းတို့ကြောင့်လည်း ဒေသထွက်ကုန်တစ်ခုအနေဖြင့်

ပိုးချည် ယောက်လုံးများ

ပိုးချည် ယောက်လုံးများကိုစက်ကိရိယာဖြင့် ဒညင်းလုံး လှိမ့်နေသည်ကို တွေ့ရစဉ်။

နာမည် ရနေခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ကျေးရွာတစ်ရွာ၊ ကုန်ထုတ်လုပ်ငန်းတစ်ခု၊နိုင်ငံအကျိုးပြု အနေဖြင့် သိရှိရန် မြန်မာ့အလင်းသတင်းအဖွဲ့သည် မွန်ပြည်နယ်သို့ ရောက်ရှိခိုက် မုဒုံမြို့သို့ ခရီးဆန့်ခဲ့သည်။

ကော့ပရံစံပြကျေးရွာ

မုဒုံမြို့လေးသည် မော်လမြိုင်မှ ၁၈မိုင်အကွာတွင်တည်ရှိ၍ လမ်းဘေးဝဲယာတွင် စီတန်းနေသော ရော်ဘာစိုက်ခင်းများနှင့် တစ်မျှော်တစ်ခေါ် ရှုမဆုံးသော လယ်ကွက်များကို တွေ့နေရသည်။ အဆိုပါ လယ်ကွက်များအပါအဝင် မွန်ပြည်နယ်မှ ထွက်ရှိသော ဆန်စပါးသည် ပြည်နယ်အတွက် ဖူလုံရုံသာမက တနင်္သာရီတိုင်းနှင့် ကရင်ပြည်နယ်ကိုပါ ပံ့ပိုးပေးနိုင်ကြောင်း မေးမြန်းသိရှိရသည်။ ထိုလယ် ကွင်းများ အလွန် မုဒုံမြို့မှ သုံးမိုင်အကွာရှိ ကော့ပရံစံပြကျေးရွာသို့ ရောက်ခဲ့သည်။

စီတန်းနေသော ခြံစည်းရိုးဖြုများ၊ သန့်ရှင်းသပ်ရပ်သော အိမ်ရာ အဆောက် အအုံများ၊ ကစားကွင်းခြံစည်းရိုးအပါအဝင် မူလတန်းကျောင်း အဆောက်အအုံ၊ ရပ်ကွက်ရုံးခန်း၊ ဆေးပေးခန်း၊ စာကြည့်တိုက် စသည်ဖြင့် အစုံအလင် သပ်ရပ်လှပစွာ တွေ့နေရသည်မှာ မြို့လေးတစ်မြို့သို့ ရောက်နေသည်ဟုပင်ထင်မှတ်မှားရသည်။ အထက်ပါ ကော့ပရံစံပြကျေးရွာသည် ထင်ရှားသော မုဒုံစောင်ထည် ရက်လုပ်ရာတွင် နာမည်ရသော ကျေးရွာဖြစ်သည်။ စောင်ထည် ရက်လုပ်ခြင်းကို မိသားစု အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းတစ်ရပ်အနေဖြင့် တစ်နိုင်တစ်ပိုင် ရက်လုပ်နေကြကြောင်း တွေ့ရသည်။

ရက်လုပ်ပုံ

ထို့ကြောင့် နှစ်စဉ် ရက်ကန်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ပြီး ဆုရရှိခဲ့သည့် အစ်မကြီးဒေါ်မြရွှေနှင့်တွေ့ဆုံပြီး မုဒုံစောင်ထည်ရက်လုပ်ပုံကို လေ့လာမေးမြန်းခဲ့သည်။

စောင်ထည်ရက်လုပ်ခြင်းသည် ရှေးဘိုးဘွားဘီဘင်လက်ထက် ကတည်းက လုပ်ကိုင်ခဲ့သော မိရိုးဖလာ လုပ်ငန်း တစ်ရပ် ဖြစ်ကြောင်း၊ လက်ရက်ကန်းဖြင့် ရက်လုပ်ခြင်းဖြစ်ပြီး ရက်ကန်းစင် သုံးစင်ရှိရာ တစ်စင်လျှင် တစ်ခါရက်က နှစ်စောင်တွဲ တစ်အုပ်ထွက်ကြောင်း၊



ပိုးထည်ထဘီများကို စက်ရက်ကန်းဖြင့် ဤသို့ ရက်လုပ်သည်ကို တွေ့ခဲ့ရသည်။

စောင်ထည်ရက်လုပ်ရာတွင် ပထမ ချည်ထုပ်ကို ဝယ်ယူပြီးသည့်နောက် ဒညင်းလုံး လှိမ့်ရသည်။ ပြီးလျှင် လုပ်ငန်းအခေါ် ရက်ကန်းဆွဲသည်။ နှပ်ထိုးသည်။ ရင်သွားထိုးသည်။

လက်ရက်ကန်းဖြင့် စောင်ထည်ကို ဤသို့ ရက်လုပ်နေသည်။

ရက်ကန်းစင်တွင် ချည်သားဖော်သည်။ ချည်သားတက်ပါက စောင်ရပ်လုံးပေါ်လာ၍ ကုန်ချောစောင်ထွက်လာကြောင်း ရှင်းပြသည်ကို သိရသည်။ ချည်သားကို ရိုးရိုးချည်နှင့် စီလွန်ချည်နှစ်မျိုးရောသုံးကြောင်း၊ ယခုအခါ ကုန်ကြမ်းပေး၊ ကုန်ချောယူ စနစ်ဖြင့်လည်း လက်ခံရက်လုပ်ပေးကြောင်း သိရသည်။

တာရှည်အသုံးခံ

မိမိတို့ မုဒုံစောင်ထည်များမှာ အခြားဒေသထွက်စောင်များနှင့် မတူဘဲ ထူးခြားချက်အဖြစ် ချည်ကို နှစ်ပင်၊ လေးပင်စသည်ဖြင့် လိမ်၍ ရက်လုပ်ထားခြင်းကြောင့် ပို၍ နှစ်တာရှည်အသုံးခံကြောင်းလည်း ရက်ကန်းပိုင်ရှင်ဒေါ်မြရွှေက ရှင်းပြခဲ့သည်။

အရောင်အသွေးစုံ၊ ချည်သားထူ မုဒုံစောင်ထည်များကို တွေ့မြင်ရသည်မှာ မိမိနိုင်ငံထွက် ပြည်တွင်းဖြစ် ကုန်အဖြစ် ဂုဏ်ယူစရာပင် ဖြစ်သည်။

ပေါ့ပါးခိုင်ခံ့

မြန်မာ့ယဉ်ကျေးမှုအမွေလည်း ဖြစ်သည့် ပေါ့ပါးခိုင်ခံ့သော ချည်ထည်စစ်စစ် မာစရိုက်ထည်ထဘီများမှာလည်း မုဒုံမြို့၏ ရှေးနှစ်ပေါင်းများစွာကတည်းက နာမည်ရခဲ့သောရက်ကန်းထည်များဖြစ်သည်။ ယခုအခါ မုဒုံမြို့မှ ရက်လုပ်သော ပိုးထည်ပွင့်ထိုးအထည်များသည် ပြည်တွင်းမှာသာမက ပြည်ပကပါ မှာယူ၍ တင်ပို့နေရကြောင်း သိရသည်။

နိုင်ငံခြားငွေရရှိ

မြန်မာ့အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းဖြစ်သည့် ရက်ကန်းမှ နိုင်ငံခြားဝင်ငွေရသည်အထိ စွမ်းဆောင်နိုင်သည်မှာ ဂုဏ်ယူစရာပင်ဖြစ်သည်။ ထို့ကြောင့် မုဒုံမြို့ မြို့မသစ်ရပ်ကွက် ကျောက်ဝိုင်းလမ်းရှိ ဦးအောင်ဘော်ပိုင် အောင်မြင့်မိုရ်စက်ရက်ကန်းသို့ မြန်မာ့အလင်း သတင်းအဖွဲ့သည် သွားရောက် လေ့လာခဲ့သည်။ စက်ရက်ကန်းစင်ပေါင်း ကိုးစင်ရှိပြီး အလုပ်သမားငါးယောက်နှင့် တစ်နေ့လျှင် ထဘီပိုးထည် ၁၅ထည်ရက်လုပ်ပြီးကြောင်း တွေ့ရသည်။

ရက်လုပ်ပုံအဆင့်ဆင့်နှင့် ပတ်သက်၍ ဦးအောင်ဘော်က ရှင်းပြရာတွင် ကုန်ကြမ်းဖြစ်သည့် အဖြူချည်ထည်နှင့် ဆိုးဆေးများကို ဝယ်ယူပြီးသည့်နောက် လိုချင်သည့် အရောင်ကို ဆိုးရကြောင်း၊ ပြီးလျှင် ယောက်လုံး(ဒညင်းလုံး)လှိမ့်ရသည်။ လှိမ့်ပြီးက ချားဆွဲသည်။ တစ်ဖန်လှိမ့်ကူးပြီး နှပ်ကော်ရသည်။ ထို့နောက်တွင်စင်ပေါ်တင်၍ရက်ကန်းခတ်သော အဆင့်ရောက်ပါက အချောထည်ထွက်လာကြောင်း ပြောကြားခဲ့သည်။ ပိုးထည်ပွင့်ထိုးများ ရက်ရာတွင် နှစ်ဂဝချည်နှင့် ပိုးချည်ကိုရော၍ ရက်ရကြောင်းနှင့် ရရှိသည့် ပိုးထည်ပေါ်မှာ လိုချင်သည့် ဒီဇိုင်းကို ခဲဖြင့်ရေးဆွဲပြီးပိုးချည်ဖြင့် စက်ကြီးပန်းထိုးရကြောင်းကို တွေ့ရသည်။

ပိုးထည်များ

မုဒုံမြို့ အောင်မြင့်မိုရ်စက်ရက်ကန်းမှ ပိုးထည်အဆင်ဆန်းများသည် ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးသို့ တိုက်ရိုက်တင်ပို့ပြီး ၎င်းမှတစ်ဆင့် နိုင်ငံခြားသို့တင်ပို့ကြောင်း၊မလေးရှားနိုင်ငံက တိုက်ရိုက်မှာယူတာရှိကြောင်းနှင့် ရောင်းဈေးမှာ တစ်ကိုက်ကိုအနိမ့်ဆုံး ကျပ်နှစ်ထောင်ကျော်နှင့် အကောင်းစားပိုးထည်များသည်ထဘီတစ်ကွင်းလျှင် ကျပ်နှစ်သောင်းကျော်အထိ ရှိကြောင်း သိရသည်။

ကမ္ဘာ့ဈေးကွက်

မုဒုံမြို့မှ မြန်မာ့စက်ရက်ကန်းထည်များသည် ပြည်တွင်း၌ ပွဲနေပွဲထိုင် မျက်နှာပန်းလှရုံမက ကမ္ဘာ့ဈေးကွက်ကိုပါ ထိုးဖောက်နိုင်ကြောင်း တွေ့ရသည့်အတွက် အထူး ဂုဏ်ယူစရာပင်ဖြစ်သည်။

မုဒုံမြို့ထွက် စောင်နှင့်ချည်ထည်၊ ပိုးထည်များသည် တကယ်တော့ ဒေသ၏ဂုဏ်ကို ဆောင်ရုံသာမက ကမ္ဘာ့ဈေးကွက်တွင်ပါ နိုင်ငံ၏ဂုဏ်ကို ဆောင်နိုင်ခဲ့ပြီဖြစ်ကြောင်း ကွင်းဆင်းလေ့လာ မှတ်တမ်းပြုဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မုဒုံစောင်ထည်များမှာ အခြားဒေသထွက်စောင်များနှင့် မတူဘဲ ထူးခြားချက်အဖြစ် ချည်ကို နှစ်ပင်၊ လေးပင်စသည်ဖြင့် လိမ်၍ ရက်လုပ်ထားခြင်းကြောင့် ပို၍ နှစ်တာရှည်အသုံးခံ။

မုဒုံမြို့မှ မြန်မာ့စက်ရက်ကန်း ထည်များသည် ပြည်တွင်း၌ ပွဲနေပွဲထိုင် မျက်နှာပန်းလှရုံမက ကမ္ဘာ့ဈေးကွက်ကိုပါ ထိုးဖောက်နိုင်ကြောင်း တွေ့ရသည့်အတွက် အထူးဂုဏ်ယူစရာပင်ဖြစ်။



မုဒုံမြို့နယ် ကော့ပရံစံပြ ကျေးရွာမှ ထွက်ရှိသော စောင်ထည်များကို တွေ့ရစဉ်။



ဒညင်းလှိမ့်

ချည်များ ဒညင်းလှိမ့်နေသည်ကို တွေ့ရစဉ်။

သိက္ခာထပ်၊ ရဟန်းခံရှင်ပြုနှင့် သီလရှင်ဝတ် အလှူတော်မင်္ဂလာ

ရန်ကုန် ဧပြီ ၂၂

ဆုထူးပန်ဆရာတော်ကြီး သလ္လာအရှင်ပဏ္ဍိတကို အမှူးထား၍ ရန်ကုန်တိုင်း တာမွေမြို့နယ် ဖိုးစိန်လမ်းနေ အလှူဒါယကာ ဦးရဲအောင်- အလှူဒါယိကာမ ဒေါ်လှဲလှဲဝင်း(သီရိကုဋေကြွယ်ကုမ္ပဏီလီမိတက်)၊ သမီး စုရွှေစင်ရဲအောင်၊ သီရိတင်ရဲအောင်၊ ကုဋေကြွယ်ရဲအောင်မိသားစုတို့က ဆုထူးပန်ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတနိုင်ငံတော် ထေရဝါဒ ဗုဒ္ဓသာသနာပြုသြဝါဒါစရိယ သလ္လာအရှင်ပဏ္ဍိတ တပ်ကုန်းမြို့ မဟာသီဟနာဒ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးအာစိန္နနှင့် တိုက်အုပ်ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဦးသုစိတ္တတို့အား ပုနောပသမ္ပဒ၊ သိက္ခာထပ်မင်္ဂလာ၊ ရဟန်းလောင်းအပါး ၁၅၀တို့အား ဥပသမ္ပဒရဟန်းအဖြစ်ခံယူခြင်းမင်္ဂလာနှင့် ဆုထူးပန်ကန်တော်မင်္ဂလာ ပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ တိုင်းရင်းသားကလေးငယ် ၄၀၀တို့အား သာမဏေရပဗ္ဗဇ္ဇမင်္ဂလာ၊ ကျောင်းသူ ၇၀တို့အား သီလရှင်အဖြစ် သွတ်သွင်းခြင်းနှင့် ရင်သွေးငယ် သုံးဦးတို့အား နားသခြင်း အလှူတော်မင်္ဂလာ အခမ်းအနားကို ဧပြီ ၂၆ရက်၊ ၂၇ရက်နှင့် ၂၈ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

ဧပြီ ၂၆ရက် နံနက် ၆နာရီမှ စတင်၍ဒုလ္လဘရဟန်းလောင်းများ၊ ရှင်လောင်းများနှင့် သီလရှင်လောင်းများအား ဘိသိက်မင်္ဂလာကျင်းပပြီး ရွှေတိဂုံစေတီတော်၊ ဗိုလ်တထောင် စေတီတော်များသို့ ရှင်လောင်းလှည့်လည်မည်ဖြစ်သည်။ ဧပြီ ၂၇ရက် နံနက် ၉နာရီတွင် တာမွေမြို့နယ် ဖိုးစိန်လမ်း ဆုထူးပန် ပရိယတ္တိ(ရွှေကျင်)ကျောင်း၌ သံဃာတော် အရှင်သူမြတ်များကို သိမ်ဆင်းလောင်းလှူ၍ ဧည့်ပရိသတ်များအား နံနက်စာဖြင့်ဧည့်ခံကျွေးမွေးကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချတရားနာ မည်ဖြစ်သည်။ ဧပြီ ၂၈ရက် နံနက်၉နာရီတွင် (Hotel Nikko Royal Lake)၌ ရင်သွေးငယ်သုံးဦးတို့အား နားသခြင်း မင်္ဂလာအခမ်းအနားကိုကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဥက္ကလာဦးဓမ္မဆုတောင်းပြည့်စေတီတော် လုံးတော်ပြည့် ကြေးပြားနှင့် ရွှေသင်္ကန်းကပ်လှူပြီးစီးမှု ရေစက်ချပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ၈/တောင်ရပ်ကွက် ပြည်သာယာလမ်းသွယ် (၁) သဃ်န်းကျွန်း အထက(၂) အနီး၌ ၁၃၁၂(၁၉၅၀ပြည့်နှစ်)တွင် တည်ထားကိုးကွယ်ခဲ့သော ဥက္ကလာဦးဓမ္မဆုတောင်းပြည့် စေတီတော်**(အပေါ်ပုံ)**အား ဧပြီ ၈ရက်က လုံးတော်ပြည့် ကြေးပြားနှင့် ရွှေသင်္ကန်းကပ်လှူပူဇော်ခဲ့ပြီး ရေစက်ချ အလှူတော်မင်္ဂလာ အခမ်းအနားကို ဧပြီ ၃၀ရက် **(ကဆုန်လပြည့်နေ့)** နံနက် ၉နာရီမှ ၁၂နာရီအထိ စေတီတော်ရင်ပြင်၌ ကျင်းပမည် ဖြစ်သည်။ အလှူရှင်များ၊ ဓမ္မမိတ်ဆွေများ တက်ရောက် ကြည်ညိုနိုင်ပြီး ဓမ္မသဘင်များအနေဖြင့် ဧပြီ၃၀ရက် ညတွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် စစ်ကိုင်းတောင်ရိုးမှ အရှင်တေဇိန္ဒ (ဓမ္မကထိက)ကလည်းကောင်း၊ မေ ၁ရက်တွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် စစ်ကိုင်းတောင်ရိုး အရှင်ဒေဝိန္ဒာဘိဝံသ (ဓမ္မကထိက)ကလည်းကောင်း၊ မေ ၂ရက်ညတွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (D.Litt) (Ph.D) ကလည်းကောင်း ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည် ဖြစ်သည်။ **(က-ပ)**

ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့နယ် ရန်ပြေမာန်ပြေဆုတောင်းပြည့် မဟာဗောဓိ စေတီတော်သို့ ဆက်သွယ်ထားသော (ပြည်လမ်း)ထန်းကုန်းရွာမှ တရုတ်မှော်ရွာ (၁၄) မိုင်ရှိ လမ်းဟောင်း ပြုပြင် မွမ်းမံဖောက်လုပ်ရန်အတွက် တရုတ်မှော်ကျေးရွာ အုပ်စုဥက္ကဋ္ဌဦးလှထွန်း၊

လမ်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးတင်အောင်နှင့် တာဝန်ရှိသူများထံ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း၏ ဆွမ်း ဝေယျာဝစ္စ ဝိသာခါအဖွဲ့ ကိုယ်စား ကိုအောင်ဇော်မင်း (ဗုဒ္ဓဂယာ)က အလှူငွေ ကျပ်၁၀သိန်း ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ရန်ကုန်တိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်နိုင်မှု သတင်းထုတ်ပြန်ချက်

ရန်ကုန် ဧပြီ ၂၂

၁။ **ကြက်ငှက်တုပ်ကွေးရောဂါစစ်ဆေးတွေ့ရှိမှု။** ရန်ကုန်တိုင်း မရမ်းကုန်း၊ လှိုင်သာယာ၊ မြောက်ဥက္ကလာပ၊ မင်္ဂလာဒုံ၊ မှော်ဘီမြို့နယ်ငါးမြို့နယ်အတွင်း ၂၈-၂-၂၀၀၇ရက်မှ ၃၁-၃-၂၀၀၇ရက်အထိ ကြက်၊ ဘဲ၊ ရစ်၊ ငုံးခြံခုနစ်ခြံတွင် ကြက်ငှက်တုပ်ကွေးရောဂါ H_5N_1 ကျရောက်ဖြစ်ပွားခဲ့ကြောင်း။

၂။ **မွေးမြူရေးကြက်၊ ဘဲ၊ ရစ်၊ ငုံးများသေဆုံးဖျက်ဆီးမှု။** ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့သော ကြက်၊ ဘဲ၊ ရစ်၊ ငုံးမွေးမြူရေးခြံခုနစ်ခြံနှင့် ရောဂါအန္တရာယ်ကူးစက်ပျံ့နှံ့မှုကာကွယ်တားဆီးရေး အစီအစဉ်အရ ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံ ၁၆ခြံမှ ကြက်၊ ဘဲ၊ ရစ်၊ ငုံးကောင်ရေ ၆၅၈၁၂ကောင် သုတ်သင်ဖျက်ဆီးခဲ့ကြောင်း။

၃။ **ရောဂါထိန်းချုပ်ခဲ့သည့်ကာလ။**

စဉ်	မြို့နယ်အမည်	ရောဂါကျရောက်သည့်နေ့ ထပ်မံကျရောက်သည့်နေ့	မြို့နယ်အတွင်းရောဂါ	ရပ်တန့်ကာလ
၁။	မရမ်းကုန်း (ဥစားကြက်ခြံ)	၂၈-၂-၂၀၀၇		၅၂ ရက်
၂။	လှိုင်သာယာ (ဥစားကြက်ခြံ)	၂-၃-၂၀၀၇	၁၀-၃-၂၀၀၇ (မိဘမျိုးရိုးကြက်ခြံ)	၄၂ ရက်
၃။	မြောက်ဥက္ကလာပ (ရစ်ခြံ)	၁၃-၃-၂၀၀၇		၃၉ ရက်
၄။	မှော်ဘီ (ညောင်နှစ်ပင်) (ဥစားကြက်ခြံ)	၁၈-၃-၂၀၀၇		၃၄ ရက်
၅။	မင်္ဂလာဒုံ (ငုံးခြံ)	၁၃-၃-၂၀၀၇	၃၁-၃-၂၀၀၇ ထောက်ကြန့်(မြောက်) (ဥစားကြက်ခြံ)	၂၁ ရက်

၄။ **ပိုးသတ်ဆေးဖျန်းခြင်း။** ဖျက်ဆီးသုတ်သင်ခဲ့သော မွေးမြူရေးခြံများအား ပိုးသတ်ဆေး ၃၂ ကြိမ်ဆေးဖျန်းသန့်စင်ခဲ့ပြီးဖြစ်ကြောင်း။

၅။ **ရန်ကုန်တိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါစစ်ဆေးတွေ့ရှိမှု။**

(က) သေဆုံးကြက်၊ဘဲ၊ရစ်၊ငုံးများ ရောဂါရှာဖွေစစ်ဆေးမှု။ ၁-၂-၂၀၀၇မှ ၂၁-၄-၂၀၀၇ရက်အထိ

အကြောင်းအရာ	သွေးရည်ကြည် စစ်ဆေးမှု	လေပြွန်/စအို တို့ပတ်နမူနာစစ်ဆေးမှု	မှတ်ချက်
ရောဂါဖြစ်ခြံ ခုနစ်ခြံမှသေဆုံးကြက်၊ဘဲ၊ရစ်၊ငုံးစစ်ဆေးခြင်း၊	၁၃၆	၆၇၅	နမူနာ၂၄ခု H_5N_1 အတည်ပြုစစ်ဆေးတွေ့ရှိ
ရန်ကုန်တိုင်းအတွင်း ကြက်၊ဘဲ၊ငုံးသေဆုံးမှုစစ်ဆေးခြင်း၊	၁၈၉	၂၈၉	ကြက်၊ငှက်တုပ်ကွေး ရောဂါပိုး မတွေ့ရှိပါ
ကျီး၊စာ၊ခို၊အခြားငှက်များ သေဆုံးမှုစစ်ဆေးခြင်း၊	-	၅၆၁	ကျီးကန်းနမူနာ ခြောက်ခုတွင် H_5N_1 အတည်ပြုစစ်ဆေးတွေ့ရှိ

(ခ) ရောဂါထိန်းချုပ်နယ်မြေအတွင်း မွေးမြူရေးခြံများ တိရစ္ဆာန်ကျန်းမာရေးစစ်ဆေးတွေ့ရှိမှု၊ ရောဂါထိန်းချုပ်မြို့နယ် ငါးမြို့နယ်အတွင်း ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံ၂၀၅ခြံ၊ ကောင်ရေ၅ဒသမ၄သိန်းကို ၁-၃-၂၀၀၇ရက်မှ ၂၁-၄-၂၀၀၇ရက်အထိ ကွင်းဆင်း၍ ရောဂါသွင်ပြင်လက္ခဏာများစစ်ဆေးခြင်း၊ ပုံမှန်မဟုတ်သော သေဆုံးမှုရှိ/မရှိ စစ်ဆေးခြင်းများ ကြိမ်ရေ၇၀ စစ်ဆေးခဲ့ရာ ထူးခြားသေဆုံးမှုမရှိကြောင်းနှင့် မွေးမြူတိရစ္ဆာန်များ ကျန်းမာရေးကောင်းမွန်ကြောင်း။

၆။ **အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု။** မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိရစ္ဆာန်ဆေးကုဆရာဝန်များသည် ၆-၃-၂၀၀၇ရက်မှ ၂၁-၄-၂၀၀၇ရက်အထိ အပြည်ပြည်ဆိုင်ရာ ကြက်ငှက်တုပ်ကွေးရောဂါ ကျွမ်းကျင်သူ အတိုင်ပင်ခံ ပညာရှင်များနှင့် အောက်ပါအတိုင်း ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း။

ကျွမ်းကျင်သူအတိုင်ပင်ခံ ပညာရှင်အမည်	ကျွမ်းကျင်မှုပညာရပ်	အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း
Dr. Masao Sasaki	Chief Technical Advisor	FAO integrated Project
Dr. Wantanee Kappravidin	Epidemiologist/ Regional coordinator	FAO Regional Bongkok
Dr.Larry Allen	Bio-Security Consultant	FAO International consultant
Dr.Toshiyuki Tsutsui	Epidemiologist	FAO International consultant
Dr.John Mac Arthur	Team Leader of Infectious disease, Asia	USAID
Dr.Sudarat Damongwat-amapokin	Animal Health Advisor	USAID
Mr.Marcel Andreas Flocchia	Laboratory Bio Corrtainment	
Mr.Alan Peter Whiteland	Veternary Dlagnostician	FAO International consultant

၇။ **ထိန်းချုပ်မြို့နယ်များအတွင်း ကြက်၊ဘဲ၊ငုံးနှင့် ၎င်းတိရစ္ဆာန်ထွက်ပစ္စည်းများ ရွှေ့ပြောင်းသယ်ယူပို့ဆောင်မှု၊ ရောင်းချမှု ကန့်သတ်ခြင်းအပေါ် ပြန်လည်ရုပ်သိမ်းခြင်း။**

(က) **ရောဂါထိန်းချုပ်နိုင်မှု** ရန်ကုန်တိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့သော အထက်ပါမြို့နယ် ငါးမြို့နယ်တွင် ရောဂါထိန်းချုပ်နိုင်မှု ကာလအမြင့်ဆုံး ၅၂ရက် (၁-၃-၂၀၀၇)မှ (၂၁-၄-၂၀၀၇)ရက်အထိနှင့် အနိမ့်ဆုံး ၂၁ရက်(၁-၄-၂၀၀၇)မှ(၂၁-၄-၂၀၀၇)ရက်အထိရှိပြီးဖြစ်ကြောင်း။

(ခ) **ကန့်သတ်မှု ရုပ်သိမ်းခြင်း။** ရန်ကုန်တိုင်း အထက်ပါမြို့နယ် ငါးမြို့နယ်အတွင်းကြက်၊ဘဲ၊ငုံးနှင့် ၎င်းတိရစ္ဆာန်ထွက်ပစ္စည်းများ ရွှေ့ပြောင်းသယ်ယူ ပို့ဆောင်မှု၊ဈေးများအတွင်း ရောင်းချမှု ကန့်သတ်ခဲ့ခြင်းများအား (၂၂-၄-၂၀၀၇)ရက်မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း။

(ဂ) **ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်။** ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်(OIE)၏ ၂၀၀၆ ခုနှစ် ကုန်းသတ္တဝါဆိုင်ရာ တိရစ္ဆာန်ကျန်းမာရေး ကိုဥပဒေအပိုဒ်(၂၇-၁၂၄)ဖော်ပြပါ ရောဂါထိန်းချုပ်နိုင်ပြီးနောက် ရောဂါဖြစ်မွေးမြူရေးခြံများ၏ ၃ကီလိုမီတာနှင့် ၇ကီလိုမီတာများအတွင်းရှိ ကြက်၊ ဘဲမွေးမြူရေးခြံများနှင့် ရောဂါမဖြစ်ပွားသော အခြားပြည်နယ်/တိုင်းသို့ ကွင်းဆင်း၍ ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ရောဂါပိုးအကြွင်းအကျန်နှင့် လည်ပတ်နေမှုရှိ/မရှိအတွက် ဗိုင်းရပ်စ်ဗေဒဆိုင်ရာနှင့် သွေးရည်ကြည်ဆိုင်ရာစူးစမ်းရှာဖွေမှုလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သုံးလကာလအတွင်း ရောဂါကင်းရှင်းကြောင်း စစ်ဆေးတွေ့ရှိသည့်အခါ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ချုပ် (OIE) ၏ ကိုဥပဒေနောက်ဆက်တွဲ အပိုဒ် (၃-၈-၉) ရောဂါစူးစမ်းရှာဖွေရေးနည်းလမ်းများနှင့်အညီ ရောဂါကင်းရှင်းဒေသအဖြစ် သတ်မှတ်နိုင်မည်ဖြစ်ကြောင်း။

၈။ **တိရစ္ဆာန် ကျန်းမာရေးသတိ။** ပြည်သူလူထုနှင့် မွေးမြူသူ များအနေဖြင့် ရောဂါထိန်းချုပ်မှု ရေရှည်ထိန်းသိမ်းနိုင်ရေးနှင့် တစ်ကျော့ပြန်လည် မဖြစ်ပွားရေးအတွက် ကြက်၊ဘဲ၊ငှက်များ ထူးခြားစွာသေဆုံးမှု ဆောလျင်စွာသတင်းပို့ရေး၊ ဇီဝလုံခြုံရေးရာသီကာလအလျောက် ချင့်ချိန်စွာ မွေးမြူရေးစသော မွေးမြူထုတ်လုပ်ရေးသတိ၊ တိရစ္ဆာန်မှလူသို့ ရောဂါကူးစက်မှု မရှိစေရန် ကျန်းမာရေးအသိရှိရေးနှင့် ရောဂါကင်းရှင်းရေးဆိုင်ရာ စူးစမ်းရှာဖွေရေးလုပ်ငန်းများတွင် ပူးပေါင်း ဆောင်ရွက်သွားကြရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန။

ပြင်ပဆေးတက္ကသိုလ်များ၊ ဆေးရုံများနှင့် ဘာသာရပ်အလိုက် ပညာနှင့်အတွေ့အကြုံဖလှယ် ဆေးပညာရပ်များကို အခြားနိုင်ငံများနှင့်အတူ ရင်ပေါင်တန်းအသုံးပြုနိုင်အောင် လေ့လာ

● ***ရှေ့ဖုံးမှ***

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယ ဗိုလ်ချုပ်ကြီး စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ မန္တလေးမြို့တော်ဝန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မန္တလေးတိုင်း ကျန်းမာရေးဦးစီးဌာနမှူးနှင့် မန္တလေးမြို့ရှိ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အလေးထားထူထောင်

တွေ့ဆုံပွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မှာကြားရာ၌ **နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့၌ ဘက်စုံအထူးကုဆေးရုံကြီးများကို အလေးထားထူထောင်သွားရန် ရည်မှန်းထားကြောင်း။**

အဆင့်မြှင့်တင်ဆောင်ရွက်

ယင်းရည်မှန်းချက်အရ ရန်ကုန်ဆေးရုံကြီးကဲ့သို့ပင် မန္တလေးဆေးရုံကြီး၌လည်း ကျန်းမာရေးကုသစောင့်ရှောက်မှုလုပ်ငန်းများကို တန်းတူရည်တူ ဆောင်ရွက်နိုင်ရန် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ကြောင်း။

ရန်ကုန်ဆေးရုံကြီးသည်ပင် တစ်ချိန်တစ်ခါက အစစအရာရာ ပြည့်စုံမှုမရှိခဲ့သဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို အပြည့်အဝ ဆောင်ရွက်နိုင်စွမ်းမရှိခဲ့ကြောင်း။

ယင်းသို့ဖြစ်ရသည်မှာလည်း ဆေးပညာရှင်လူ့အရင်းအမြစ်များ မပြည့်စုံမှုနှင့် ရုပ်ဝတ္ထုပိုင်းအရ ခေတ်မီဆေးပစ္စည်းကိရိယာများ ပြည့်ပြည့်စုံစုံမရှိမှု စသည့်အချက်နှစ်ချက်ကြောင့် ဖြစ်ကြောင်း။

ဖြည့်ဆည်းဆောင်ရွက်

ထို့ကြောင့် ဆေးရုံကြီးများအတွက် ဆေးပညာရှင်များ မွေးထုတ်ခြင်း၊ ခေတ်မီဆေးပစ္စည်းကိရိယာများ ဝယ်ယူဖြည့်ဆည်းပေးခြင်း၊ လိုအပ်သော အဆောက်အအုံများ တိုးချဲ့တည်ဆောက်ခြင်းတို့ကို စီမံချက်ချ၍ အဆင့်အလိုက် မိမိတို့ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း။

ကျန်းမာရေးအဆင့်မြှင့်တင်မှုအစီအစဉ် ပထမအဆင့်အရ ဆေးရုံများ၌ အမှန်တကယ်လိုအပ်သော ခေတ်မီဆေးပစ္စည်းကိရိယာများကိုလည်း ဝယ်ယူတပ်ဆင်ပေးခဲ့ပြီးဖြစ်ကြောင်း။

သာမန်ဆရာဝန်များသာမက ဘာသာရပ်အလိုက် အထူးကုဆရာဝန်ကြီးများကိုလည်း တိုးချဲ့လေ့ကျင့်မွေးထုတ်လျက်ရှိကြောင်း။

အမှာစကားပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မန္တလေးမြို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်ကြီးအောင်ရိပ်သာ၌ မန္တလေးမြို့ရှိ ဆေးဘက်ဆိုင်ရာ တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ဆေးရုံအုပ်ကြီးများအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ယနေ့ခေတ်သည် ဘာသာရပ်အားလုံးကို ခြုံငုံ၍အထွေထွေလေ့လာသည့် အဆင့်မှ ဘာသာရပ်အလိုက် အသေးစိတ်ကျွမ်းကျင်အောင် အထူးပြုလေ့လာသည့် အဆင့်သို့ ရောက်ရှိနေသောခေတ်ဖြစ်ကြောင်း။

ဘာသာရပ်အလိုက် အသုံးပြုရာ၌ ထိရောက်မှုရှိသည့် ဆေးပစ္စည်းကိရိယာများလည်း အမျိုးမျိုးဆန်းသစ်ပေါ်ထွက်လျက်ရှိကြောင်း။

အမြဲမပြတ်လေ့လာဆည်းပူး

ထို့ကြောင့် ခေတ်နှင့်အညီပြောင်းလဲတိုးတက်လျက်ရှိသော ဆေးပညာရပ်များကို အခြားနိုင်ငံများနှင့်အတူ ရင်ပေါင်တန်းပြီး နားလည်သိရှိ လက်တွေ့ အသုံးပြုနိုင်အောင် အမြဲမပြတ်လေ့လာဆည်းပူးနေရမှာ ဖြစ်ကြောင်း။

ပြင်ပဆေးတက္ကသိုလ်များ၊ ဆေးရုံများနှင့် ဘာသာရပ်အလိုက် ပညာနှင့် အတွေ့အကြုံဖလှယ်ခြင်း၊ လေ့လာခြင်းစသည့် နည်းလမ်းများကို ညှိနှိုင်းကျင့်သုံးသွားရန်လိုကြောင်း။

❒ **ကျန်းမာရေးအဆင့်မြှင့်တင်မှုအစီအစဉ် ဒုတိယအဆင့်ကို ကာလသတ်မှတ်၍ ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ရာ ဆေးရုံများ၌ လိုအပ်သော ခေတ်မီဆေးပစ္စည်းကိရိယာများကို အတတ်နိုင်ဆုံးပြည့်စုံအောင် ဝယ်ယူဖြည့်ဆည်းပေး။**

❒ **ဆေးရုံများ၌ အရာရာကို လူနာများက အခမဲ့စနစ်ဖြင့် စောင့်ရှောက်မှုခံယူနေ၍မဖြစ်ဘဲ နိုင်ငံတော်၏ ရင်းနှီးကျခံနေရသော ကုန်ကျစရိတ်၌ ထိုက်တန်သည့် အချိုးအဆဖြင့် မျှတခွဲဝေကျခံ။**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ခုနှစ် ကဆုန်လဆန်း ၈ရက်
(ဥပုသ်နေ့)
၂၃-၄-၂၀၀၇ရက်
(တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၀၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈း၁၅ ၇။ အဆိုပြိုင်ပွဲ
၈း၂၀ ၈။ ကျောက်ကြီး ပေါက်တံတား
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Grammar made Easy
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ တေးဂီတအစီအစဉ်
၁၆း၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ပထဝီဝင်အထူးပြု) [ပထဝီဝင်]
၁၆း၅၅ ၅။ အကပဒေသာ
၁၇း၀၅ ၆။ မြန်မာစာ မြန်မာစကား
၁၇း၁၅ ၇။ **အသိစိတ်ကလေးအရင်းတည်၍** ဖြိုးငွေစိုး၊ ထက်ရှား၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-ကြည်စိုး)
၁၇း၂၅ ၈။ မြန်မာ့ရိုးရာတောခလေ့ကျေးလက်တေးသံများ
၁၇း၃၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၇း၄၅ ၁၀။ **မောင်မြန်မာလျှပ်စစ်စက်ဘီး** ရီဝေယံ၊ စောနိုင်(ရှမ်းပြည်)၊ ပုလဲဝင်း (ဒါရိုက်တာ-တင်အောင်ရွှေသုတေသီ)
၁၇း၅၀ ၁၁။ မြေကမ္ဘာသာယာစေဖို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစို့(အပိုင်း-၁)
၁၈း၀၀ ၁၂။ ညနေခင်းသတင်း
၁၈း၃၀ ၁၃။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၄။ အလှရှာမယ် လှကမ္ဘာဝယ်
၁၉း၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သစ္စာဘဝပင်ခြားသော်လည်း** (အပိုင်း-၁၂)
၂၀း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေး ဒုတိယချစ်ပုံပြင်** (အပိုင်း-၃)
၂၀။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

ဝယ်ယူဖြည့်ဆည်း

ယခုကျန်းမာရေးအဆင့်မြှင့်တင်မှုအစီအစဉ် ဒုတိယအဆင့်ကို ကာလသတ်မှတ်၍ ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ရာ ဆေးရုံများ၌ လိုအပ်သော ခေတ်မီဆေးပစ္စည်းကိရိယာများကို အတတ်နိုင်ဆုံးပြည့်စုံအောင် ဝယ်ယူဖြည့်ဆည်းပေးသွားမှာဖြစ်ကြောင်း။

ကျန်းမာရေးကုသစောင့်ရှောက်မှုနှင့်စပ်လျဉ်း၍ ဆေးရုံများအပေါ် ပြည်သူများက ယုံကြည်စိတ်ချအားကိုးလာအောင် ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်ကြရန်လိုကြောင်း။

ကုသစောင့်ရှောက်

မန္တလေးဆေးရုံကြီးသည် ဘက်စုံအထူးကုဆေးရုံကြီးဖြစ်သည့်အား**လျော်စွာ ရောက်ရှိလာသော လူနာမျိုးစုံကို မိမိဆေးရုံ၌ပင် နိုင်နိုင်နင်းနင်း**ကုသစောင့်ရှောက်သွားနိုင်ရမှာဖြစ်ကြောင်း။

ယနေ့ခေတ်အခါ၌ ထိရောက်သော ခေတ်မီဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာအမျိုးမျိုး ပေါ်ထွက်လာလျက်ရှိသည်မှာ မှန်သော်လည်း ဝယ်ယူ**ရရှိသည့် တန်ဖိုးပမာဏမှာလည်း မြင့်မားလျက်ရှိကြောင်း။**

ထို့ကြောင့် ဆေးရုံများ၌ အရာရာကို လူနာများက အခမဲ့စနစ်ဖြင့် **စောင့်ရှောက်မှုခံယူနေ၍မဖြစ်ဘဲ နိုင်ငံတော်၏ ရင်းနှီးကျခံနေရသော** ကုန်ကျစရိတ်၌ ထိုက်တန်သည့် အချိုးအဆဖြင့် မျှတခွဲဝေကျခံသွားကြရန်လိုကြောင်း။

ဆေးရုံများ၌ အခမဲ့ကုသသည့်အပိုင်းနှင့် ထိုက်တန်သည့် ငွေကြေးပေးရသည့်အပိုင်းဟူ၍ ပြောင်းလဲဖြစ်ပေါ်လာမှာဖြစ်ကြောင်း။

သို့မှသာ ရေရှည်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုအဆင့်အတန်းမြင့်မားလာမှာဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်ကိုင်းမြို့ရှိ ရာဇမဏိစူဠာကောင်းမှုတော်ဘုရားအား ဖူးမြော်ကြည်ညိုစဉ်။

(သတင်းစဉ်)

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး လိုက်ပါလျက် စစ်ကိုင်းမြို့ရှိ ရာဇမဏိစူဠာကောင်းမှုတော်ဘုရားသို့ ရောက်ရှိကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရာဇမဏိစူဠာကောင်းမှုတော်ဘုရားအား သစ်သီး၊ ဆီမီး၊ ပန်း၊ ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်း၍ ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဘုရားအတွက် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

အလှူတော်ငွေ ပေးအပ် လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရာဇမဏိစူဠာကောင်းမှုတော်ဘုရားအတွက် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ပြည်သူများအနေဖြင့် ယုံကြည်စိတ်ချစွာ အဆင့်အတန်းရှိရှိ ဆေးကုသမှုခံယူနိုင်ရန်အတွက် ဝိုင်းဝန်းအားထုတ် ကြိုးပမ်းသွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်းက မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး၌ ခေတ်မီကုသရေးပစ္စည်းကိရိယာများကို နိုင်ငံတော်က ဖြည့်ဆည်းပေးခဲ့မှု၊ ထို့ကြောင့် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၌ ကုသပေးနိုင်သကဲ့သို့ မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး၌လည်း ဝေဒနာရှင်များအား ရောဂါမျိုးစုံကို ထိထိရောက်ရောက် ကုသပေးနိုင်ခဲ့မှုနှင့် ထပ်မံဖြည့်ဆည်းပေးရန်လိုအပ်သည့် ဆေးကုသရေးဆိုင်ရာ ပစ္စည်းကိရိယာများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ရန်ကုန်မြို့ရှိ ဆေးရုံကြီးများကဲ့သို့ မန္တလေးမြို့ရှိ ဆေးရုံကြီးများ၏ အဆင့်အတန်းမြင့်မားလာအောင် နိုင်ငံတော်၏ အားပေးပံ့ပိုးမှုများဖြင့် ဖြည့်ဆည်းဆောင်ရွက်ခဲ့မှုများ၊ မန္တလေးမြို့နည်းတူ အခြားအချက်အချာကျသည့် မြို့ကြီးများ၌လည်း ဆေးရုံအဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ပေးခဲ့မှု၊ ခေတ်မီဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ ပံ့ပိုးဖြည့်ဆည်းပေးခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပါမောက္ခချုပ်များနှင့် ဆေးရုံအုပ်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တွေ့ဆုံပွဲအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့ ဖွံ့ဖြိုးတိုးတက်စည်ပင်မှုများကိုလည်းကောင်း၊ ကန်တော်ကြီးသာယာလှပရေး ဆောင်ရွက်ထားမှုများကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

စနစ်တကျဆောင်ရွက်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရောဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ပင်မတံတား၊ ချဉ်းကပ်တံတားများ၊ ချဉ်းကပ်လမ်းများအပါအဝင် စီမံကိန်းတစ်ခုလုံး ပြီးစီးမှုများကိုလည်းကောင်း၊ တံတား၏ခံနိုင်ဝန် စနစ်တကျစမ်းသပ်မှုများကိုလည်းကောင်း၊ တံတားကြီးကို ပြည်သူများအား ဖြတ်သန်းအသုံးပြုခွင့်ပေးထားမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တံတားတည်ဆောက်ရေးလုပ်ငန်းများကို စနစ်တကျ သေသပ်စွာဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စီမံကိန်းရှင်းလင်းဆောင်မှ ရောဝတီတံတား(ရတနာပုံ)ကို ကြည့်ရှုစစ်ဆေးသည်။

ဖွံ့ဖြိုးတိုးတက်မှုကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မန္တလေးဘက်မှ စစ်ကိုင်းဘက်သို့ တံတားကြီးပေါ်မှ မော်တော်ယာဉ်များဖြင့် ဖြတ်သန်း၍ စစ်ကိုင်းဘက်အပိုင်း တံတားချဉ်းကပ်လမ်း ဖောက်လုပ်ပြီးစီးမှုနှင့် စစ်ကိုင်းမြို့၏ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ရောဝတီတံတား(ရတနာပုံ)မှာ ၄၉ ပေကျယ် လေးလမ်းသွားကားလမ်း တံတားကြီးဖြစ်သည်။ တစ်ဖက်လျှင် ခြောက်ပေစီကျယ်သည့် လူသွားလမ်းလည်း ပါရှိသည်။

နိုင်နိုင်နင်းနင်း ကုသစောင့်ရှောက်

မန္တလေးဆေးရုံကြီးသည် ဘက်စုံအထူးကုဆေးရုံကြီးဖြစ်သည့်အားလျော်စွာ ရောက်ရှိလာသော လူနာမျိုးစုံကို မိမိဆေးရုံ၌ပင် နိုင်နိုင်နင်းနင်း ကုသစောင့်ရှောက်သွားနိုင်ရမှာဖြစ်။

ဓမ္မဒူတတောရရိပ်သာ လစဉ်ခုနစ်ရက်တရားစခန်း

ရန်ကုန် ဧပြီ ၂၂

ပဲခူးမြို့ ဆယ်မိုင်ကုန်း ဓမ္မဒူတတောရရိပ်သာ နာယက ဆရာတော် ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရသည် မေ ၁ ရက်မှ မေ ၇ ရက်အထိ ဓမ္မာနုပဿနာဝိပဿနာ အလုပ်ပေးတရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ ရိပ်သာဝင်လိုသော ယောဂီများသည် ဧပြီ ၃၀ ရက် ညနေအရောက်လာကြရန်နှင့် ရိပ်သာဖုန်း-၀၉-၅၂၀၂၀၉၂၊ ၀၉-၅၁-၀၄၆၆၉၊ ကိုကျော်နိုင်(ပဲခူး) ဖုန်း-၀၉-၅၃၀၁၅၃၇နှင့် ကိုကျော်ဆန်း(ရန်ကုန်) ဖုန်း-၀၉-၅၀၁၇၂၉၄ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြကြောင်း သိရသည်။

(က-ပ)

အပူချိန်

၂၂-၄-၂၀၀၇

နေပြည်တော်	**၄၂ ဒီဂရီစင်တီဂရိတ်**
သီပေါ၊သံတွဲ	**၃၆ ဒီဂရီစင်တီဂရိတ်**
ဗန်းမော်	**၃၇ ဒီဂရီစင်တီဂရိတ်**
ကလေးဝ	**၃၉ ဒီဂရီစင်တီဂရိတ်**
ရွှေဘို	**၄၀ ဒီဂရီစင်တီဂရိတ်**
ရန်ကုန် (ကမ္ဘာအေး)	**၄၀ ဒီဂရီစင်တီဂရိတ်**
မန္တလေး	**၄၁ ဒီဂရီစင်တီဂရိတ်**
ချောက်	**၄၂ ဒီဂရီစင်တီဂရိတ်**
သာယာဝတီ	**၄၃ ဒီဂရီစင်တီဂရိတ်**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် ကွယ်လွန်သူ ဖခင်ကြီး ဦးချစ်ခိုင်-မိခင်ကြီး ဒေါ်မိမိလေးတို့အားရည်စူး၍ ဦးရန်ကင်းအောင်-ဒေါ်ချိုချိုခိုင်မိသားစုတို့က အလှူငွေကျပ်တစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ဝင် ဦးတင်မြင့်ဦးထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ပင်းတယမြို့နယ်အခြေခံပညာအထက်တန်းကျောင်း နှစ် ၅၀ ပြည့် ရွှေရတုပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၏ နှစ် ၅၀ ပြည့် ရွှေရတုပွဲကို နိုဝင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပရန် ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ မိဘဆရာအသင်း၊ ကျောင်းသားကျောင်းသူဟောင်းများ၊ ဌာနဆိုင်ရာများက စီစဉ်ဆောင်ရွက်လျက်ရှိသည်။

လှူဒါန်း

သို့အတွက် ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများ၊ စေတနာရှင်များက အကြံဉာဏ်များ၊ ရန်ပုံငွေများ ထောက်ပံ့ကူညီလှူဒါန်းနိုင်ကြကြောင်း ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများမှတစ်ဆင့် ဆက်သွယ် လှူဒါန်းနိုင်ကြကြောင်းဖြင့် နှိုးဆော်ထားသည်။

ပေးပို့နိုင်

ထို့အပြင် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် မဂ္ဂဇင်း၊ ပြက္ခဒိန်ထုတ်ဝေရေးအတွက် ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး၊ စာညွှန့်၊ ရတု စသည့် စာမူများကို ဇွန် ၁၅ ရက်နောက်ဆုံးထား၍ ပေးပို့နိုင်ပါရန် တောင်းခံထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မလက္ကာရေလက်ကြား၌ ပူးတွဲရေကြောင်းကင်းလှည့်ရန် မလေးရှားက အိမ်နီးချင်းလေးနိုင်ငံအား တိုက်တွန်း

ကွာလာလမ်ပူ ဧပြီ ၂၂

ရေကြောင်းကုန်သွယ်မှုများပြားသော မလက္ကာရေလက်ကြားတွင် ပင်လယ်ရေကြောင်း ပူးတွဲကင်းလှည့်မှုများပြုလုပ်ကြရန် အိမ်နီးချင်းနိုင်ငံများအား မလေးရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးက ဧပြီ ၁၇ရက်၌ တိုက်တွန်းလိုက်သည်။

ပြီးခဲ့သည့်နှစ်နှစ်အတွင်းက မလက္ကာရေလက်ကြားအတွင်းပင်လယ်ရေကြောင်း ပူးပေါင်းကင်းလှည့်မှုများအဖြစ် လေကြောင်းမှ ကင်းလှည့်မှုများကို အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်းနှင့် စင်ကာပူနိုင်ငံတို့ကပြုလုပ်ခဲ့ကြပြီးနောက်ပုံမှန်ကင်းလှည့်မှုများ ပြုလုပ်ခဲ့မှုများကြောင့် ပင်လယ်ဓားပြမှုများ ကျဆင်းခဲ့သည်။ သို့သော်လည်း ပင်လယ်ဓားပြရန်မှာ ခြိမ်းခြောက်မှု ရှိနေဆဲပင် ဖြစ်သည်။

ပြုလုပ်သွားမည်

အဆိုပါ လေးနိုင်ငံတို့အနေဖြင့် ဒေသဆိုင်ရာ ပင်လယ်ရေပြင် လုံခြုံရေးအတွက် မလက္ကာ ရေလက်ကြားတွင် ပြောင်းလဲမှုတစ်ရပ်ပြုလုပ်မည်ဖြစ်ပြီး လေးနိုင်ငံတို့က ပူးတွဲရေကြောင်းကင်းလှည့်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

မိမိတို့စိတ်ကူးစိတ်သန်းနှင့်အတွေးအခေါ်အသစ်များအား ဆွေးနွေးညှိနှိုင်းရန် ညီလာခံတစ်ရပ်ခေါ်ယူသွားမည်ဖြစ်ကြောင်း မလေးရှားကာကွယ်ရေးဝန်ကြီး နာဂျစ်ရာဇက်က သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။

မလက္ကာ ရေလက်ကြားသည် အာရှ၊ အရှေ့အလယ်ပိုင်းဒေသနှင့် ဥရောပတို့အား ရေကြောင်းခရီး ဆက်စပ်ပေးရာ ဒေသတစ်ခုဖြစ်ပြီး ကမ္ဘာ့ကုန်သွယ်ရေကြောင်း၏ ရာခိုင်နှုန်း ၄၀ ကို ဝန်ဆောင်မှု ပေးလျက်ရှိသည်။

မလက္ကာရေလက်ကြားတွင် နှစ်စဉ်ကုန်တင်သင်္ဘောစင်းရေ ခြောက်သောင်းခန့် ဖြတ်သန်းသွားလာလျက်ရှိသည်။

အမ်အင်န်အေ၊ရိုက်တာ

ဘဏ်မှငွေခိုးသူနှစ်ဦးအား တရုတ်၌ ဖမ်းမိ

ပေကျင်း ဧပြီ ၂၂

တရုတ်နိုင်ငံတွင် ဘဏ်မှ ငွေသားယွမ်ငွေ ၂၁ သန်းခန့် ခိုးယူသွားသည်ဟု သံသယရှိသူနှစ်ဦးအား ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း ပြည်သူ့ လုံခြုံရေးဝန်ကြီးဌာနက ဧပြီ၁၉ရက်တွင်ကြေညာလိုက်သည်။

၎င်းတို့နှစ်ဦးမှာ အသက် ၃၄နှစ်အရွယ်ရှိ ရန်ဇီအိုဖန်နှင့် အသက်၃၇နှစ်အရွယ်ရှိ မာဇီကျန်းတို့ ဖြစ်ပြီး တရုတ်နိုင်ငံ ဟီဘိုင်ပြည်နယ် စိုက်ပျိုးရေးဘဏ်၊ ဟန်ဒန်ဘဏ်ခွဲမှ ဘဏ်ငွေကိုင်စာရေးများဖြစ်ကြပြီး ဧပြီ ၁၄ရက်တွင် ဘဏ်မှငွေများ ခိုးယူသွားကြခြင်းဖြစ်သည်။

ရန်ဇီအိုဖန်အား ဂျီဆုပြည်နယ် လောင်ရန်ဂန်းမြို့ရှိ အိမ်တစ်အိမ်မှ ဧပြီ ၁၉ရက်နံနက်ဈနာရီမိနစ်၂၀တွင်ဖမ်းဆီးခဲ့ကြောင်း၊ မာဇီကျန်းအား ဧပြီ ၁၈ ရက် မွန်းလွဲပိုင်းတွင် ပေကျင်းမြို့၌ ဖမ်းဆီးခဲ့ကြောင်း ပြည်သူ့ လုံခြုံရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဝူဟီပင်က ပြောကြားသည်။

ရဲတပ်ဖွဲ့က ခိုးယူသွားသောငွေအချို့ကို ပြန်လည်သိမ်းဆည်းနိုင်ခဲ့ပြီး ၎င်းတို့နှစ်ဦးအား စစ်ဆေးမေးမြန်းမှုများ ပြုလုပ်လျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အယ်လ်ဂျီးရီးယားနိုင်ငံ အယ်လ်ဂျီးယာ့စ်ရှိ ကူဘာပြည်သူ့ဆေးရုံတွင် ခုနစ်မြွှာပူးကလေးများအား ဖန်ပေါင်းချောင်များဖြင့်ထားရှိမှုကို ဧပြီ၁၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အယ်လ်ဂျီးရီးယားအမျိုးသမီး ခုနစ်မြွှာပူးကလေးမွေးဖွား

အယ်လ်ဂျီးယာ့စ် ဧပြီ ၂၂

အယ်လ်ဂျီးရီးယား အမျိုးသမီးတစ်ဦးသည် အယ်လ်ဂျီးရီးယားနိုင်ငံမြို့တော်အယ်လ်ဂျီးယာ့စ်ရှိ ပြည်သူ့ဆေးရုံ၌ ခုနစ်မြွှာပူးကလေး မွေးဖွားခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ဧပြီ ၁၉ ရက်တွင် ပြောကြားသည်။

အဆိုပါ အမျိုးသမီးသည် ဧပြီ ၁၈ ရက်က ကူဘာပြည်သူ့ဆေးရုံ၌ မွေးဖွားခဲ့ရာ ယောကျာ်းလေးတစ်ဦးနှင့် မိန်းကလေးခြောက်ဦးဖြစ်ကြောင်း၊ မိခင်ရော ကလေးများပါ ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခင်က ခုနစ်မြွှာပူးကလေး မွေးဖွားခဲ့သူမှာ သုံးဦးရှိကြောင်း၊ နှစ်ဦးမှာ အမေရိကန်ပြည်ထောင်စုမှဖြစ်ပြီး တစ်ဦးမှာ ဆော်ဒီအာရေဗျနိုင်ငံမှ ဖြစ်ကြောင်း ဂင်းနက်စ်မှတ်တမ်းတွင် ပါရှိသည်။

အမ်အင်န်အေ၊ရိုက်တာ

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ကျင်းပသည့် ရှန်ဟိုင်း ကားပြပွဲတွင် ပြသထားသည့် ကားတစ်စီးကို ဧပြီ ၂၁ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယ-တရုတ် ဆက်သွယ်ထားသော သမိုင်းဝင်လမ်းမကြီး အိန္ဒိယနိုင်ငံက ပြန်လည် ပြုပြင်ဖောက်လုပ်

လီဒို (အိန္ဒိယ) ဧပြီ ၂၂

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံမှတစ်ဆင့် တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းသို့ ဆက်သွယ်ထားသည့် ဒုတိယကမ္ဘာစစ်အတွင်းက မိုင် ၁၀၀၀ရှည်လျားသောလမ်းကို ပြန်လည်ဖောက်လုပ်လျက်ရှိကြောင်း ရိုက်တာသတင်းတစ်ရပ်၌ဖော်ပြသည်။

အဆိုပါ လမ်းမကြီးသည် ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန် ကျူးကျော်သိမ်းပိုက်မှုကို တရုတ်တို့က တိုက်ထုတ်ရာတွင် အသုံးပြုခဲ့သောလမ်းဖြစ်သည်။

အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်မြို့ရှိ ကျောက်တူးဖော်ရေး လုပ်ငန်းခွင် တစ်နေရာကို ဧပြီ ၂၁ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အထောက်အကူ

ယင်းလမ်းမကြီးသည် အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းမှ လက်ဖက်၊ ကျွန်းသစ်နှင့် အခြားသောကုန်ပစ္စည်းများ တရုတ်နိုင်ငံ ကူမင်းမြို့အနောက်ပိုင်းသို့ တင်ပို့ရောင်းချရာတွင် အထောက်အကူဖြစ်စေလိမ့်မည် ဖြစ်ကြောင်း၊ ယင်းလမ်းဖြင့် အိန္ဒိယနိုင်ငံမှ တရုတ် နိုင်ငံသို့ နှစ်ရက်အတွင်း သွားရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ပြုပြင်

တစ်ဖန် တရုတ်နိုင်ငံက ကူမင်းမှတစ်ဆင့် မြန်မာနိုင်ငံသို့ သွားရောက်သည့် မိုင်၄၂၀ရှိသော ခြောက်လမ်းသွားလမ်းမကြီးအဖြစ် ပြုပြင် ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

သစ်သီးဝလံနေ့ ဟောင်ကောင်၌ကျင်းပ

ဟောင်ကောင် ဧပြီ ၂၂

ဟောင်ကောင်၌ ဧပြီ ၁၉ ရက်က သစ်သီးဝလံ စားသုံးခြင်းဖြင့် ကျန်းမာရေး တိုးမြှင့်ဆောင်ရွက်မှုအဖြစ် သစ်သီးဝလံနေ့ကျင်းပခဲ့ရာ ဒေသရှိ မူလတန်းကျောင်း၃၅၀မှ ကျောင်းသူ ကျောင်းသား ၂၂၀၀၀ ပါဝင်ဆင်နွှဲခဲ့သည်ဟု ဆိုသည်။

သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် နေ့စဉ်စားသုံးခြင်းဖြင့် နှလုံးရောဂါ၊ လေဖြတ်ခြင်းနှင့် ကင်ဆာအစရှိသော ရောဂါများကို ကာကွယ်ပေးနိုင်ကြောင်း ဆရာဝန်များက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နှလုံးရောဂါဝေဒနာရှင်များ ဆားလျှော့စားသင့်

ဝါရှင်တန် ဧပြီ ၂၂

အစားအစာများတွင် ဆားလျှော့စားသူများသည် နှလုံးသွေးကြောဆိုင်ရာ ရောဂါများ ဖြစ်ပွားခြင်းမှ ၂၅ ရာခိုင်နှုန်း သက်သာစေနိုင်ကြောင်း၊ အမေရိကန် သုတေသနပညာရှင်များက ယင်းတို့၏ လေ့လာတွေ့ရှိချက်ကို ဧပြီ ၁၉ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗျူးနို့အေရိစ်၌ ရထားမီးလောင်၍ ၁၅ ဦးဒဏ်ရာရ

ဗျူးနို့အေရိစ် ဧပြီ ၂၂

အာဂျင်တီးနားနိုင်ငံ မြို့တော် ဗျူးနို့အေရိစ်မြို့လယ်၌ ဧပြီ ၂၀ရက်က ခရီးသည်တင်ရထားတစ်စင်း မီးလောင်ခဲ့ရာ အနည်းဆုံးလူ ၁၅ ဦးဒဏ်ရာရရှိသွားကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။

ရထားတွဲများမှ လျှပ်စစ်ဓာတ်အားများ ဖြတ်တောက်လိုက်ပြီး ရထားတွဲအတွင်းမှ ခရီးသည်များအား ကယ်ဆယ်ခဲ့ရကြောင်း၊ ဒဏ်ရာရရှိသူများကို ဆေးရုံသို့ အလျင်အမြန်တင်ပို့ပေးခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပြည်တွင်းပြည်ပ ဆန့်ကျင်သူများက ပိတ်လေးပိတ်ဖြင့် ပိတ်ဆို့နေ ထိုပိတ်ဆို့မှုများက ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးကို ထိခိုက်စေ

● **ကျောဖုံးမှ**

မြင့်အေးက အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းပါ စာသားများအား ဖတ်ပြခဲ့ကြောင်း၊ အင်္ဂပိုကျေးရွာတွင် လူ့အခွင့်အရေးချိုးဖောက်ခံရသူ များရှိပါက ၎င်းတို့အားပြောကြားရန်နှင့် ၎င်းတို့အနေဖြင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်သို့ ဆက်လက်တင်ပြပေးမည်ဟုပြောဆိုခဲ့ကြောင်း၊ ထိုအခါ ရွာသူရွာသားများက မိမိတို့ကျေးရွာတွင် ယင်းကဲ့သို့သော ကိစ္စများပြောဆိုရန်မရှိကြောင်း၊ လူ့အခွင့်အရေး ချိုးဖောက်မှုလည်းမရှိကြောင်း ပြန်လည်ပြောကြားခဲ့သည်ဟု သိရှိရသည်။

ထိုသို့လူ့အခွင့်အရေးကိုဗန်းပြလျက် ပြဿနာဖြစ်အောင်လုပ်၍မရသည့်အခါ မြင့်အေးနှင့်အဖွဲ့သည် ဧပြီ ၁၈ ရက်နေ့ နံနက်တွင် အင်္ဂပိုကျေးရွာမှ အုတ်ပုံကျေးရွာသို့ ဆက်လက်သွားရောက်ခဲ့ကြပြီး အုတ်ပုံကျေးရွာတွင် ကျောင်းပိုင်ဆိုင်ရေးကိစ္စပြဿနာပေါ်ပေါက်၍ သက်ဆိုင်ရာသံဃနာယကအဖွဲ့များက အရေးယူဖြေရှင်းပေးလျက်ရှိသော "သိမ်ကျောင်း"ဘုန်းတော်ကြီးကျောင်းနှင့် ပတ်သက်၍ ရွာသားများအကြား စည်းရုံးသွေးထိုးမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရှိရသည်။

ထိုသို့ ရွာသူရွာသားများအကြား သွေးထိုးလှုံ့ဆော်ခြင်းများ၊ သာသနာရေးကိစ္စတွင် မဆီမဆိုင် ဝင်ရောက်စွက်ဖက်ခြင်းများကို မလိုလားကြသော အုတ်ပုံရွာသူရွာသားများက "မင်းတို့လာ၍ ရွာနာကြောင်း၊ ရွာသူရွာသားတွေ စိတ်ဝမ်းကွဲရကြောင်း"ပြောဆိုအော်ဟစ်ပြီး ဝိုင်းဝန်းထိုးကြိတ်ရိုက်နှက်၍ ကျေးရွာမှ မောင်းထုတ်ခဲ့ကြကြောင်း သိရှိရသည်။

အထက်ပါဖြစ်စဉ်အခြေအနေများကို သိရှိတွေ့မြင်ကြရသော ပြည်သူများ၊ ကြားသိရသော ပြည်သူများက–

- **ဤကဲ့သို့လုပ်ဆောင်မှုများသည် လူ့အခွင့်အရေး၊ ကုန်ဈေးနှုန်းကျဆင်းရေး၊ ၂၄နာရီ လျှပ်စစ်မီးရရှိရေးစသည်တို့ကို အကြောင်းပြခုတုံးလုပ်ကာ နိုင်ငံတော်အတွင်း တည်ငြိမ်မှုနှင့်အေးချမ်းသာယာမှုပျက်ပြားအောင် ဆူပူလှုပ်ရှားမှုများဖြစ်ပေါ်လာအောင် ပြည်သူလူထုအား သွေးထိုးလုပ်ဆောင်နေခြင်းများသာဖြစ်ကြောင်း။**
- **ထိုကိစ္စများကို စီမံဖန်တီးဆောင်ရွက်နေသူများမှာလည်း ပြည်တွင်းဆူပူမှုကိုဖန်တီးကာ ဖြတ်လမ်းက အာဏာရယူလိုကြသောပြည်တွင်းပြည်ပ ထင်ပေါ်ကျော်ကြားမှုဖြင့် ပြည်ပမှ ငွေကြေးပစ္စည်းနှင့်ဘွဲ့ထူးဂုဏ်ထူးရရှိမှုကို မျှော်မှန်းကြသည့် ပြည်တွင်းပုဆိန်ရိုး ၈၈ မျိုးဆက်ဆိုသူအဖွဲ့နှင့် ထင်ကျော်(ခေါ်) ကျော်ထင်၊ မြင့်အေးတို့ လူတစ်စုသာဖြစ်ကြောင်း။**
- **ထို့ပြင် ထိုသို့မတည်ငြိမ်မှုဖြစ်အောင်၊ အေးချမ်းမှုပျက်ပြားအောင် ပြည်သူအား သွေးထိုးလှုံ့ဆော်ရာတွင် အကြောင်းပြသည့်အချက်များမှာလည်း သေချာစွာ စဉ်းစားသုံးသပ်ပါက အဓိပ္ပာယ်မရှိကြောင်း၊ ကျိုးကြောင်းဆီလျော်မှု မရှိကြောင်း။**
- မိမိတို့နိုင်ငံတွင် လျှပ်စစ်မီးအခက်အခဲရှိသည်မှာ မှန်ကြောင်း၊ သို့သော် ဤအခက်အခဲမှာ မိမိတို့တစ်နိုင်ငံတည်းတွင်ကြုံတွေ့ရသော အခက်အခဲမဟုတ်ဘဲ နိုင်ငံအများတွင်ကြုံတွေ့နေရသော အခက်အခဲဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်စနိုင်ငံများတွင် အများဆုံးကြုံတွေ့နေရသော အခက်အခဲဖြစ်ကြောင်း။
- မိမိတို့နိုင်ငံမှာလည်း ဖွံ့ဖြိုးတိုးတက်စနိုင်ငံဖြစ်သည်နှင့်အညီ ဖွံ့ဖြိုးမှုအရှိန်အဟုန်ကြောင့် လျှပ်စစ်မီးအခက်အခဲဖြစ်ရခြင်းဖြစ်ကြောင်း၊ သို့သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ဤအခက်အခဲကို လျစ်လျူရှုမထားဘဲ အစွမ်းကုန် ဖြေရှင်းပေးလျက်ရှိကြောင်း။
- **သက်တန်းကာလရုံးပိတ်ရက်အတွင်းမှာပင်လျှင် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ရေအားလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းများသို့ သွားရောက်စစ်ဆေးကာ စီမံကိန်းများအမြန်ပြီးစီးအောင် ကြပ်မတ်ပံ့ပိုးစီစဉ်ပေးနေသည်ကို တွေ့မြင်နိုင်ကြောင်း။**
- အမှန်တကယ်အားဖြင့် ဤစီမံကိန်းများအကောင်အထည်ဖော်ရာတွင် အခက်အခဲဖြစ်အောင် နှောင့်ယှက်ဟန့်တားနေသူများမှာ ပိတ်လေးပိတ်ဖြင့် ပိတ်ဆို့ဆောင်ရွက်နေကြသည့် ယခုဆန္ဒပြသူများအပါအဝင် ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်အဖျက်သမားများသာဖြစ်ကြောင်း၊ ၎င်းတို့၏ ပိတ်ဆို့နှောင့်ယှက်မှုများကြောင့် စီမံကိန်းများ အကောင်အထည်ဖော်မှုတွင် အခက်အခဲအနည်းနှင့်အများ ကြုံတွေ့ရကြောင်း။
- **သို့ဖြစ်၍ လျှပ်စစ်မီးအခက်အခဲကို ကျော်လွှားနိုင်အောင် ဆိုင်းဘုတ်ကိုင်၍ နိုင်ငံတော်အစိုးရအား ဆန္ဒပြသည်ဆိုသည်မှာ အဓိပ္ပာယ်မရှိကြောင်း၊ ကျိုးကြောင်းဆီလျော်မှုမရှိကြောင်း၊ တကယ်ဆိုပါက မြန်မာနိုင်ငံအပေါ် ဘက်ပေါင်းစုံမှ ပိတ်ဆို့တားဆီးနှောင့်ယှက်နေကြသည့် ပြည်တွင်းပြည်ပ အဖျက်အမှောင့်သမားများကိုသာ ဆန့်ကျင်ကန့်ကွက်ဆန္ဒပြရမည်ဖြစ်ကြောင်း။**

ဝေဖန်ပြောဆို

ထို့အတူ ကုန်ဈေးနှုန်းကျဆင်းရေးဟုဆိုကာ ပြည်သူလူထုအား သွေးထိုးလှုံ့ဆော်မှုမှာလည်း အဓိပ္ပာယ်မရှိကြောင်း၊ ကျိုးကြောင်းဆီလျော်မှုမရှိကြောင်း၊ မိမိတို့ ပြည်သူအများစုသည် သတင်းမီဒီယာများဖွံ့ဖြိုးလာသည်နှင့်အညီ ပြည်တွင်းပြည်ပအခြေအနေများကို လက်လှမ်းမီသိရှိကြကြောင်း၊ ထိုသို့သိရှိမှုအရ မိမိတို့နိုင်ငံတွင် ဖြစ်ပေါ်နေသော **ကုန်ဈေးနှုန်းများသည် အခြားနိုင်ငံများတွင် ဖြစ်ပေါ်နေသော ကုန်ဈေးနှုန်းများလောက် မကြီးမြင့်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးအတွက် ဘက်ပေါင်းစုံမှ ကုန်ထုတ်လုပ်မှု တိုးမြင့်အောင်ဆောင်ရွက်ခြင်း၊ စိုက်ပျိုးမွေးမြူရေး၊ ကုန်ထုတ်စရိတ်များ လျော့နည်းကျဆင်းအောင် အထွက်နှုန်းတိုးရေး၊ ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်း၊ သွင်းအားစုများ ပံ့ပိုးကူညီပေးခြင်း၊ ထို့အတူ စက်မှုလုပ်ငန်းများတွင်လည်း စက်စွမ်းအားပြည့်ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ခြင်း၊ ထုတ်လုပ်ကုန်ကျစရိတ် လျော့နည်းကျဆင်းအောင်ဆောင်ရွက်ခြင်း၊ ပို့ဆောင်ရေးကဏ္ဍတွင်လည်း ကုန်ပို့စရိတ်များ လျော့နည်းကျဆင်းအောင် အထူးကုန်ရထားများ ပြေးဆွဲပေးခြင်း၊ အထူးကုန်သင်္ဘောများ ပြေးဆွဲပေးခြင်း၊ မော်တော်ယာဉ်သုံး CNG ဓာတ်ငွေ့ဆိုင်များ တိုးချဲ့ဖွင့်လှစ်ရောင်းချပေးခြင်းစသည်တို့ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးနေသည်ကို တွေ့မြင်နိုင်ကြောင်း၊** အမှန်တကယ်ကုန်ဈေးနှုန်း တည်ငြိမ်အောင်ကျဆင်းအောင်ဆိုပါက အဆိုပါလုပ်ငန်းများ အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ကြရန်သာရှိကြောင်း၊ သို့ရာတွင် ကုန်ဈေးနှုန်းကျဆင်းရေးဟု အသံကောင်းဟစ်ဆန္ဒပြနေသူများနှင့် တစ်ကိုက်တည်းတစ်ဉာဏ်တည်းဖြစ်သော ပြည်တွင်းပြည်ပဆန့်ကျင်သူများကသာ မိမိတို့အား ပိတ်လေးပိတ်ဖြင့် ပိတ်ဆို့လျက်ရှိကြောင်း၊ ထိုပိတ်ဆို့မှုများက ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် ကျဆင်းရေးကို ထိခိုက်စေလျက်ရှိကြောင်း၊ ထို့ကြောင့် ကုန်ဈေးနှုန်းကျဆင်းရေးအတွက် ဆန့်ကျင်ကန့်ကွက်မည်ဆိုပါက မိမိတို့နိုင်ငံအား ပိတ်ဆို့ဟန့်တားနေသည့် ပြည်တွင်းပြည်ပ အဖျက်အမှောင့်သမားများကိုသာ ဆန့်ကျင်ကန့်ကွက်ရမည်ဖြစ်ကြောင်းဖြင့် ဝေဖန်ပြောဆိုလျက်ရှိကြောင်း ကြားသိရသည်။

အရေးယူသင့်

ထို့အတူ **လွတ်လပ်စွာ ကုန်သွယ်ခွင့်ရရှိရေး၊ အလုပ်လက်မဲ့ပပျောက်ရေး၊ အမျိုးကောင်းသားသမီးများ မပျက်စီးရေးဆိုသည့် သွေးထိုးချက်များနှင့် ပတ်သက်ပါကလည်း မိမိတို့နိုင်ငံအပေါ် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ မပြုလုပ်ရန် ပိတ်ဆို့နေသူမှာ ယခုဆန္ဒပြနေသူများနှင့် ၎င်းတို့၏အနောက်ဆရာကြီးများသာဖြစ်ကြောင်း၊၎င်းတို့၏ ပိတ်ဆို့မှုကြောင့် အထည်ချုပ်စက်ရုံအများအပြား ပိတ်ခဲ့ရခြင်း၊ အချို့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပြန်လည်ရုပ်သိမ်းသွားခဲ့ခြင်းတို့ကြောင့် ပြည်သူအများ အလုပ်လက်မဲ့ဖြစ်ခဲ့ကြရကြောင်း၊ ထိုသို့ အလုပ်လက်မဲ့ဖြစ်ခဲ့ကြရသည့်အတွက် အချို့မိန်းကလေးများ ဘဝပျက်ရသည့်အခြေအနေသို့ ရောက်ခဲ့ကြရကြောင်း၊ သို့ဖြစ်၍ ထိုကိစ္စများအတွက် အမှန်တကယ် တာဝန်မကင်းသူများမှာ ယခုဆန္ဒပြနေသူများကိုယ်တိုင်နှင့် ၎င်းတို့၏ ပြည်တွင်းပြည်ပဆရာကြီးများသာဖြစ်ကြောင်း၊ ထိုသူများက အမှန်ကိုဖုံးကွယ်၍ ပြည်သူများ အထင်အမြင်လွဲပြီး ပြဿနာပေါ်အောင် ဆူပူလှုပ်ရှားမှုဖြစ်အောင် သွေးထိုးဖန်တီးနေကြခြင်းသာဖြစ်ကြောင်း၊ ဘယ်သူသေသေ ငတေမာပြီးရောဆိုသည့် အတ္တကြီးမားသူများသာဖြစ်ကြောင်း၊ ထိုသူများကို ထိထိရောက်ရောက် အရေးယူသင့်ကြောင်း**ဖြင့်လည်း ပြောဆိုဝေဖန်လျက်ရှိကြောင်း ကြားသိရသည်။

ပြောဆိုလျက်ရှိ

ထို့ပြင် အချို့ပြည်သူများကလည်း **မိမိတို့နိုင်ငံတွင် ထိုသို့သော အခက်အခဲများရှိသည်မှာ မှန်သော်လည်း ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကောင်းများ တည်ဆောက်ရရှိထားပြီးဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ကို မြင်တွေ့နေရ ပြီဖြစ်ကြောင်း၊ ယခုကဲ့သို့အချိန်မျိုးတွင် တည်ငြိမ်မှု၊ အေးချမ်းသာယာမှုပျက်ပြားပြီး ဆူပူမှုများ ပေါ်ပေါက်လာပါက ဖွံ့ဖြိုးတိုးတက်မည့်အလားအလာကောင်းများ ပျက်ပြားသွားနိုင်ကြောင်း၊ သို့ဖြစ်၍ တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် လုပ်ဆောင်မှုနှင့် ဆူပူမှုဖြစ်ပွားအောင် စေ့ဆော်မှုများကို မလိုလားကြောင်း၊ ထိုသို့ မလိုလားသဖြင့် ဟင်္သာတမြို့နယ် အုတ်ပုံကျေးရွာသူ ရွာသားများက ၎င်းတို့ရွာကို ဝင်ရောက်သွေးထိုးလာသော အဖျက်အမှောင့်သမားများကို အော်ဟစ်ပြောဆိုရိုက်နှက်၍ ၎င်းတို့ကျေးရွာမှ မောင်းထုတ်ခဲ့ခြင်းဖြစ်ကြောင်း၊** မိမိတို့အနေဖြင့်လည်း မိမိတို့နယ်မြေဒေသသို့ အလားတူဝင်ရောက်ပြီး တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်နှင့် ဆူပူမှုများဖြစ်ပွားအောင် ဖန်တီးလာပါက ထိုအဖျက်အမှောင့်သမားများကို အုတ်ပုံရွာသူရွာသားများကဲ့သို့ ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်မှုအပေါ် နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေအရ အရေးယူမှုများရှိနိုင်သော်လည်း မိမိတို့အနေဖြင့် မိမိတို့ဒေသ တည်ငြိမ်အေးချမ်းမှုရှိအောင် ကာကွယ်တားဆီးမှုသာဖြစ်ခြင်း၊ ဒီမိုကရေစီ သဘောအရ အများစုက လက်မခံနိုင်သဖြင့် ဒီမိုကရေစီနှင့်အညီ တားဆီးကာကွယ်မှုသာဖြစ်ခြင်း၊ ဒီမိုကရေစီသဘောအရ အများစု၏ဆန္ဒသဘောထားကို အလေးထားရမည်ဖြစ်ခြင်း စသည်တို့ကြောင့် ထိုသို့ဆောင်ရွက်မှုအပေါ် နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီသဘောအရသာ သုံးသပ်ဆောင်ရွက်လိမ့်မည်ဟု ယုံကြည်ကြောင်းဖြင့် ပြောဆိုလျက်ရှိကြကြောင်းလည်း သိရသည်။

နှိုးဆော်ထား

ယခုအခါ ထိုသို့တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ ဆူပူမှုဖြစ်ပေါ်လာအောင် ဆောင်ရွက်ခဲ့သူများအား သက်ဆိုင်ရာက စစ်ဆေးမေးမြန်းလျက်ရှိကြောင်းနှင့် ပြည်သူများအနေဖြင့်လည်း ထိုကဲ့သို့ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ ဆူပူမှုဖြစ်ပေါ်လာအောင် သွေးထိုးလုပ်ဆောင်သူများ၊ ဖွံ့ဖြိုးတိုးတက်မှုများကို ဆုတ်ယုတ်ပျက်ပြားအောင်၊ နှောင့်နှေးအောင် လုပ်ဆောင်သူများကို တားဆီးတိုက်ဖျက်သွားကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူအများ အလုပ်လက်မဲ့ဖြစ်ခဲ့ကြရ

လွတ်လပ်စွာ ကုန်သွယ်ခွင့်ရရှိရေး၊ အလုပ်လက်မဲ့ပပျောက်ရေး၊ အမျိုးကောင်းသားသမီးများ မပျက်စီးရေးဆိုသည့် သွေးထိုးချက်များနှင့် ပတ်သက်ပါကလည်း မိမိတို့နိုင်ငံအပေါ် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ မပြုလုပ်ရန် ပိတ်ဆို့နေသူမှာ ယခုဆန္ဒပြနေသူများနှင့် ၎င်းတို့၏ အနောက်ဆရာကြီးများသာဖြစ်၊ ၎င်းတို့၏ ပိတ်ဆို့မှုကြောင့် အထည်ချုပ် စက်ရုံအများအပြား ပိတ်ခဲ့ရခြင်း၊ အချို့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပြန်လည်ရုပ်သိမ်းသွားခဲ့ခြင်းတို့ကြောင့် ပြည်သူအများ အလုပ်လက်မဲ့ဖြစ်ခဲ့ကြရ။

ပညာသင်ယူခွင့် အခွင့်အလမ်းများရရှိရေး စီမံခန့်ခွဲမှုသင်တန်းများ တိုးချဲ့ဖွင့်လှစ်

ရန်ကုန် ဧပြီ ၂၂

ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းသည် မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်၊ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်သူ တို့လိုက်ပါလျက် ယနေ့မွန်းတည့် ၁၂နာရီတွင် ဗိုလ်တထောင်မြို့နယ်ရှိ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံရာ ကျောင်းအုပ်ကြီး ဒေါက်တာမြင့်ဆွေက ကောလိပ်၌ ဖွင့်လှစ်ထားသော သင်တန်းများနှင့် ထပ်မံဖွင့်လှစ်မည့် သင်တန်းများအတွက် စီစဉ်ထားမှုများကို ရှင်းလင်း တင်ပြသည်။ (အပေါ်ပုံ)

ထို့နောက် ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်းက ပညာသင်ယူခွင့် အခွင့်အလမ်းကောင်းများ ရရှိရေးအတွက် စီမံခန့်ခွဲမှုသင်တန်းများ တိုးချဲ့ဖွင့်လှစ်ရေး၊ သင်တန်းများ ဖွင့်လှစ်ရေးအတွက် အဆင့်ဆင့်တင်ပြရေး၊ ခရီးသွားလုပ်ငန်း စီမံခန့်ခွဲမှု သင်တန်းဖွင့်လှစ်ရေးတို့ကို ဆွေးနွေးမှာကြားပြီး တင်ပြချက်များ အပေါ် လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးဒေါက်တာ ချမ်းငြိမ်းနှင့် အဖွဲ့သည် ရန်ကုန် အနောက်ပိုင်းတက္ကသိုလ်သို့ ရောက်ရှိပြီး ဆွေးနွေးပွဲခန်းမ၌ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများအား တွေ့ဆုံရာ ဒုတိယပါမောက္ခချုပ် ဒေါက်တာ အောင်အောင်မင်းက ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်းက သုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ သုတေသန ဝက်ဘ်ဆိုက်ထူထောင်ရေး၊ ဘာသာရပ်ဌာနအလိုက် အကဲဖြတ် မှတ်တမ်းများ ထည့်သွင်းရေး၊ အဝေးသင်တက္ကသိုလ် အထူးပြုဘာသာရပ်အလိုက် အောင်ချက်မြင့်မားရေးအတွက် ဆန်းစစ်သုံးသပ်ဆောင်ရွက်ရေး၊ ပညာတတ်မြောက်အောင် သင်ကြားရေးတို့ကို ဆွေးနွေးမှာကြားပြီး ပါမောက္ခဌာနမှူးများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပြန်ပြည့်မြဲစွမ်းအင် အီသာနောထုတ်ယူရေးအတွက် စမ်းသပ်စိုက်ပျိုးထားသော ကြံစိုက်ခင်းကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

အလားတူ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းသည် ယမန်နေ့ညနေ ၄ နာရီခွဲတွင် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန သင်္ဃန်းကျွန်းပညာရေးကောလိပ်သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံရာ ကျောင်းအုပ်ကြီး ဒေါ်ချိုချိုနှင့် ဆရာ ဆရာမများက ကောလိပ်၏ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်းက သင်တန်းများ ပြန်လည်ဖွင့်လှစ်သည့်အခါ စနစ်တကျ သင်ကြားရေးနှင့် ဆရာ ဆရာမများ သင်ကြားချိန်ပျက်ကွက်မှု မရှိရေး၊ ကောလိပ်အားကစားကွင်းကောင်းမွန်ရေးအတွက် ဆောင်ရွက်ရေး၊ သိပ္ပံ လက်တွေ့ခန်းသုံး ဓာတုဗေဒပစ္စည်းများ ဖြည့်ဆည်းရေး၊ ကာယ၊ ဂီတ၊ ပန်းချီ၊ အိမ်တွင်းမှုသိပ္ပံဘာသာရပ်များကို တတ်မြောက်အောင် သင်ကြားပေးရေးတို့ကို ဆွေးနွေးမှာကြားသည်။

စီစဉ်ဆောင်ရွက်

ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ရန်ကင်းပညာရေးကောလိပ်သို့ ရောက်ရှိပြီး မြတ်ပညာခန်းမ၌ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအားတွေ့ဆုံရာ ကျောင်းအုပ်ကြီး ဦးမဲအောင်က ကောလိပ်၏ ဆောင်ရွက်ချက်များနှင့် မကြာမီဖွင့်လှစ်မည့် သင်တန်းများအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးဒေါက်တာချမ်းငြိမ်းက သင်တန်းသားများ ကျန်းမာရေးနှင့် ညီညွတ်အောင် နေထိုင်နိုင်ရေးအတွက် စနစ်တကျစီစဉ်ဆောင်ရွက်ပေးရေး၊ သင်တန်းသုံးပရိဘောဂများနှင့် သိပ္ပံခန်းသုံးပစ္စည်းများ ဖြည့်ဆည်းရေး၊ ဟင်းသီးဟင်းရွက်နှင့် သီးနှံများ စိုက်ပျိုးရေးတို့ကို ဆွေးနွေးမှာကြားပြီး ဆရာ ဆရာမများ၏ တင်ပြချက်များ အပေါ် လိုအပ်ချက်များကို ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘွဲ့တံဆိပ်တော်ရဆရာတော် ထပ်ဆင့်ချီးကျူးပူဇော်ပွဲ

ရန်ကုန် ဧပြီ ၂၂

မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ် ပူဇော်ခြင်းခံရသော ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ်(၁၁)ရပ်ကွက် သာသနဟိတ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတ(ဓမ္မာစရိယ၊ B.A)အား လှိုင်သာယာမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဦးဆောင်၍ မြို့နယ် ရပ်ကွက်ပေါင်းစုံ တပည့်ဒါယကာ ဒါယိကာမများက ထပ်ဆင့်ချီးကျူး ဂုဏ်ပြုပူဇော်ပွဲကို ဧပြီ ၃၀ ရက် နံနက် ၉ နာရီတွင် အဆိုပါ စာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။

ပူဇော်ပွဲအကြို ဓမ္မသဘင်ကို ဧပြီ ၂၆ရက်တွင် ဘဒ္ဒန္တနန္ဒောဘာသာဘိဝံသ (မော်လမြိုင်)၊ ၂၇ ရက်တွင် ဘဒ္ဒန္တ သာဂရဉာဏာဘိဝံသ (ကမ္ဘာအေးဆရာတော်)၊ ၂၈ ရက်တွင် ဘဒ္ဒန္တ သုစိတ္တာဘိဝံသ(ဓမ္မာစရိယတက္ကသိုလ်နာယကချုပ်ဆရာတော်)တို့က ညစဉ် ၇ နာရီခွဲမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်ဖြစ်သည်။ ဆက်သွယ် လှူဒါန်းလိုသူများသည် ကျင်းပရေးကော်မတီ ဖုန်း-၂၄၇၁၇၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းဖွင့်

ရန်ကုန် ဧပြီ ၂၂

နှစ်စဉ်ကျင်းပမြဲဖြစ်သော ပုဇွန်တောင်မြို့နယ် (၂၄)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို ဧပြီ ၂၂ ရက်တွင် သံဃနာယက ဥက္ကဋ္ဌ ဦးဗြဟ္မသိရိနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးထွန်းအောင်ကြည်တို့က မြသိန်းတန်ကျောင်းတိုက်တွင် ဖွင့်လှစ်လိုက်ကြောင်း သိရသည်။ **(က-ပ)**

နယူးကာဆယ်က ချယ်လ်ဆီးကို သရေကစား မန်ယူကိုတစ်မှတ်ကွာ ချယ်လ်ဆီးကပ်မလိုက်နိုင်

လန်ဒန် ဧပြီ ၂၂

ပရီမီယာလိဂ် ပွဲစဉ်(၃၅) ဘောလုံးပြိုင်ပွဲအဖြစ် နယူးကာဆယ်အသင်းနှင့်ချယ်လ်ဆီးအသင်းတို့သည် ဧပြီ၂၂ရက်က နယူးကာဆယ်ကွင်း စိန့်ဂျိမ်းပတ်ခ်၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ ဂိုးမရှိသရေဖြစ်သွားသဖြင့် ချယ်လ်ဆီးအသင်းသည် အမှတ်ပေးဇယားတွင် ဦးဆောင်နေသော မန်ချက်စတာယူနိုက်တက်အသင်းနှင့် အမှတ်ကွာဟချက် အနည်းဆုံးသို့ရောက်အောင် ကြိုးပမ်းမှုမှာ မအောင်မြင်ဘဲ ဖြစ်ခဲ့ရသည်။

ဆန္ဒစော

အပြာရောင် ချယ်လ်ဆီးတို့ ယင်းပွဲ၌ နယူးကာဆယ်ကိုအနိုင်ရပါက အနီရောင် မန်ယူနောက်မှ တစ်မှတ်အကွာဖြင့် လိုက်ရမည်ဖြစ်သော်လည်း ချယ်လ်ဆီးကစားသမားများ ဆန္ဒစောနေ၍ ဂိုးပေါက်ရှာမရ ဖြစ်ခဲ့ရသည်။

ချယ်လ်ဆီးကွင်း လယ်ကစားသမား မိုက်ကယ်ဘောလက်(ဝဲ)၏ ထိုးဖောက်ကစားမှုကို နယူးကာဆယ် မှ စတီဗင် တေလာက ဤသို့ ဟန့်တားခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

လမ်းပတ်နှင့် ကာလူးတို့ သွင်းယူသော ဂိုးများ ဂိုးတန်းပေါ်ကျော်ခဲ့သလို လေလွင့်ချိန်တွင် ဂျိုးလ်ကိုးလ်သွင်းယူသည့် ဘောလုံးမှာလည်း ဂိုးပေါက်နှင့် ပွတ်ကာသီကာ လွဲချော်သွား၍ နည်းပြမော်ရင်ဟို မပျော်နိုင်ဘဲ ဖြစ်သွားရသည်။

ပရိသတ်

နယူးကာဆယ်တို့ အိမ်ကွင်းပရိသတ်အားပေးမှုဖြင့် တန်ပြန်တိုက်စစ်ဆင်နွှဲရာ ကီရွန်ဒိုင်ယာသွင်းယူသော ဂိုးမှာ ချယ်လ်ဆီး ဂိုးသမားပီတာဆက်ချ်ကာကွယ်လိုက်နိုင်၍လည်း ချယ်လ်ဆီးတို့ တစ်မှတ်မဆုံးရှုံးလိုက်ခြင်းဖြစ်သည်ဟူ၍လည်း ဆိုနိုင်သည်။ ထို့အပြင် နယူးကာဆယ် ကစားသမား မာတင်ထောင့်ကန်ဘောမှတစ်ဆင့် ခေါင်းတိုက်ဂိုးသွင်းယူရာတွင် ဂိုးတန်းကျော်ခဲ့၍လည်း ချယ်လ်ဆီးတို့ သက်သာရာရသွားသည်။

ယင်းပွဲ သရေကျသွား၍ ချယ်လ်ဆီးအတွက် ဆိုးရွားခဲ့သော်လည်း မန်ယူတို့အခြေအနေကောင်းသွားသည်။ မန်ယူတို့ အခြေအနေသည် ယမန်နေ့က မစ်ဒယ်ဘရော့အသင်းကို တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ ပွဲစဉ် ၃၅အပြီး မန်ယူတို့ဇယားတွင် ၈၂မှတ်ဖြင့် ဦးဆောင်နေပြီး ချယ်လ်ဆီး အသင်းမှာ ၇၉ မှတ်ဖြင့် ဒုတိယနေရာမှ လိုက်နေရဆဲဖြစ်သည်။

ပွဲကြီးပွဲကောင်း

မော်ရင်ဟိုက ဖာဂူဆန်နောက်မှ တစ်မှတ်ခွာ၍လိုက်ရန် ကြိုးစားသော်လည်း ပွဲစဉ် ၃၅အပြီး မန်ယူက ချယ်လ်ဆီးကို သုံးမှတ်သာထားဆဲ ဖြစ်သည်။ ယင်းတို့နှစ်သင်းသည် မေ ၉ရက်တွင် ဆုံတွေ့ကြမည်ဖြစ်ရာ ပွဲကြီးပွဲကောင်း အဆုံးအဖြတ်ပွဲပင် ဖြစ်သည်။ **(အင်တာနက်)**

သတင်းမြင်ကွင်း-မြင့်စိုး

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါ

စာတည်းရှင့်-

လှိုင်မြို့နယ်(၁၂)ရပ်ကွက် မာလာရုံလမ်းရှိ ရေမြောင်းပေါ်အချို့နေရာတွင် စည်းရိုးများ ပိတ်ကာထားသဖြင့် အမှိုက်များနှင့်သဲများ ပိတ်ဆို့နေပါသည်။ ခြင်များပေါက်ပွားခြင်း၊ အနံ့ဆိုးများ ထွက်နေခြင်းတို့ကြောင့် ပတ်ဝန်းကျင်နေပြည်သူများ ကျန်းမာရေး ထိခိုက်လျက်ရှိပါ၍ ပြုပြင်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသန့်ရှင်းစေလိုသူ

လမ်းမကြီးကို ပြုပြင်ပေးပါ

စာတည်းရှင့်-

ဒဂုံမြို့သစ်(တောင်ပိုင်း) ၁၉ရပ်ကွက် လှော်ကားလမ်းမကြီးသည် ချိုင့်ခွက်၊ ချိုင့်ဝှမ်းများ ဖြစ်နေသည်ကို ကျောက်တုံးများဖို့ထားသဖြင့် ကျောက်စများ လွင့်စင်၍ အန္တရာယ်ရှိနိုင်ပါသဖြင့် ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။ **၁၉ရပ်ကွက်သူ**

ဆေးရွက်ကြီးအနံ့ဆိုး ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား-

လှိုင်သာယာမြို့နယ်(၁၄)ရပ်ကွက်၊ နံ့သာဖြူလမ်းရှိ အိမ်တစ်အိမ်တွင် ဆေးရွက်ကြီးများကို အိတ်ကြီး၊ အိတ်ငယ်များဖြင့် သိုလှောင်ပြီး နေလှန်းခြင်း၊ အမှုန်ခါခြင်း၊ ထုပ်ပိုးရောင်းချခြင်း လုပ်ကိုင်လျက် ရှိပါသည်။ နေ့စဉ် ဆေးမှုန့် အနံ့ဆိုးများကို ပတ်ဝန်းကျင်ပြည်သူများ ရှူရှိုက်နေရ၍ အဆိုပါလုပ်ငန်းကို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

နံ့သာဖြူလမ်းသား

မိလ္လာကန် ပြုပြင်ပေးစေလို

စာတည်းရှင့်-

စမ်းချောင်းမြို့နယ် ဝေဠုဝန်မြောက်ရပ်ကွက် သပြေလမ်းရှိ အိမ်တစ်အိမ်၌ မိလ္လာကန် ပျက်စီးယိုယွင်းပြီး အနံ့ဆိုးများ ထွက်နေသောကြောင့် ကျန်းမာရေး ထိခိုက်နေပါ၍ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

သပြေလမ်းသူ

သံနန်းဆွဲလုပ်ငန်းမှ ဆူညံသံ နားမခံနိုင်

စာတည်းရှင့်-

သင်္ဃန်းကျွန်းမြို့နယ် ၎/ကရပ်ကွက် ရူပလမ်းရှိ သံနန်းဆွဲလုပ်ငန်းသည် စည်းကမ်းမဲ့ဆူညံစွာ လုပ်ကိုင်လျက်ရှိရာ ရပ်ကွက်နေပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ရသည့်အပြင် မီးဘေးအန္တရာယ် စိုးရိမ်ရပါသဖြင့် အဆိုပါလုပ်ငန်းအား စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ရူပလမ်းသူ

စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်နေ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း ပန်းဘဲတန်း မြို့နယ် ၂၇လမ်း(အထက်)နှင့် ၂၈လမ်း(အထက်) နောက်ဖေးလမ်းကြားတွင် အမှိုက်များကို စည်းကမ်းမဲ့စွာ စွန့်ပစ်မှုကြောင့် ရေမြောင်းများ ပိတ်ဆို့ကာ တချို့မြေညီထပ်အခန်းများထဲသို့ပင် ရေဆိုး၊ ရေညစ်များ ဝင်လျက်ရှိနေပါသဖြင့် စိစစ် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးထိခိုက်သူ

ရေခဲစက်ကြောင့် ကျန်းမာရေးထိခိုက်မှု ဆောင်ရွက်ပြီးစီး

(၁၅-၁-၂၀၀၇)ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ရေးမြို့ သီရိခေမာရပ်ကွက် ရေခဲစက်ကြောင့် ကျန်းမာရေးထိခိုက်** ပေးစာနှင့် ပတ်သက်၍ အရေးယူဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

စားသောက်ဆိုင်ရှေ့ကြော်လှော်နံ့ ကြပ်မတ်ဆောင်ရွက်ပြီး

(၈-၁-၂၀၀၇)ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **သုံးခွမြို့ (၁၁)ရပ်ကွက် စည်သူလမ်း သုံးခွ-ရန်ကုန်ကားဂိတ်အနီး စားသောက်ဆိုင်တစ်ဆိုင်ရှေ့တွင် ထမင်း၊ဟင်းများနှင့် အကြော်မျိုးစုံ ကြော်လှော်နံ့** ပေးစာနှင့် ပတ်သက်၍ ကြပ်မတ်ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ကမ္ဘာတစ်လွှား အားကစား

ပရီမီယာလိဂ်ပွဲစဉ် (၃၅) အပြီး မန်နေဂျာတို့၏ ဖွင့်ဟသံများ

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် ဧပြီ ၂၂

ပရီမီယာလိဂ်ပွဲစဉ် (၃၅) အဖြစ် မန်ယူနှင့် မစ်ဒယ်ဘရော့တို့ ဧပြီ ၂၁ရက်၌ အိုးထရက်ဖို့ဒ်တွင် ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီး သရေပွဲဖြစ်ခဲ့သဖြင့် ပရီမီယာလိဂ်၏သရဖူလုပွဲသည် စိတ်ဝင်စားမှုအကောင်းဆုံး အနေအထားသို့ ရောက်ရှိခဲ့ပြီ ဖြစ်သည်။

မန်ယူ အသင်းနည်းပြ ဖာဂူဆန်။

ဧပြီ ၂၁ရက်က ကစားခဲ့သော ပွဲများတွင် လီဗာပူးက ဝီဂန်ကိုအနိုင်ရပြီး စပါးနှင့် အာဆင်နယ်တို့တစ်ဖက် နှစ်ဂိုးစီ သရေပွဲဖြစ်သွားခဲ့သည်။

ထိုနေ့က ဘောလုံးပွဲများ၌ မိမိအသင်းများ ကစားခဲ့မှုအပေါ် နည်းပြအသီးသီး၏ ပြောကြားစကားများကို ဖော်ပြလိုက်ပါသည်။

လက်ခံရမှာပါ

အိမ်ကွင်း အိုးထရက်ဖို့ဒ်၌ မစ်ဒယ်ဘရော့ကို သရေပွဲကစားခဲ့သော မန်ယူအသင်းနည်းပြ ဖာဂူဆန်က **"ဒီပွဲမှာ ကျွန်တော့်လူတွေကစားခဲ့တာ ကောင်းပါတယ်။ သူ့နေရာနှင့်သူ တာဝန်ကျေအောင် အားကြိုးမာန်တက် ကစားခဲ့ကြတာပါ။ ပထမပိုင်းပွဲအစမှာ ကျွန်တော်တို့ အဖွင့်ဂိုးသွင်းယူပြီး ဆက်တိုက်ဂိုးသွင်းနိုင်မယ်လို့ ထင်ထားခဲ့ပေမယ့် ပထမပိုင်းမှာပဲ ဖာဒီနန်နဲ့ ရစ်ချက်ဆင်တို့ ဒဏ်ရာရရှိသွားခဲ့တာကလည်း အားနည်းချက်တစ်ခုလိုဖြစ်ခဲ့ရတယ် မစ်ဒယ်ဘရော့တို့ ဒီပွဲမှာ ကစားတာကောင်းပါတယ်။ မန်ယူတိုက်စစ်ကို သူတို့အရှိန်တန့်သွားအောင် ဟန့်တားနိုင်ကြတယ်။ ဒီပွဲရဲ့ရလဒ်ကိုကျွန်တော်တို့ လက်ခံရမှာပါ"**ဟု ဖာဂူဆန်က ပြောကြားသည်။

ကြိုးစားရတော့မယ်

ထို့အပြင် ပရီမီယာလိဂ်သရဖူနှင့် ပတ်သက်၍လည်း ဖာဂူဆန်က**"အခုမှ ပရီမီယာလိဂ်သရဖူလုပွဲ စတင်တာပါ၊ ချယ်လ်ဆီးနဲ့အမှတ်ကွာဟမှုကျဉ်းမြောင်းသွားတဲ့အတွက် အရင်ကထက်ပိုပြီး ကြိုးစားရတော့မယ်သတိထားပြီး ကျန်ပွဲစဉ်တွေအားလုံး အနိုင်ကစားရမယ်၊ အခုအချိန်ကစပြီး စိန်ခေါ်မှုစတင်ပါပြီ"**ဟု ၎င်းက ဘီဘီစီစပို့တ်သို့ ပြောကြားခဲ့သည်။

ဂုဏ်ယူပါတယ်

ထို့အတူ မစ်ဒယ်ဘရော့နည်းပြ ဂါရက်ဆောက်ဂိတ်ကလည်း**"အခုပွဲမှာ နောက်တန်းကောင်းမွန်မှုကြောင့်သရေပွဲဖြစ်သွားရတာပါ၊ မန်ယူတိုက်စစ်မှူးတွေထိုးဖောက်မှုကို ကျွန်တော့်ခံစစ်မှူးတွေက ကောင်းကောင်း ထိန်းနိုင်ခဲ့တယ်။ ပွဲအစမှာ အဖွင့်ဂိုးသွင်းယူမှုခံခဲ့ရတာမို့ ရလဒ်ဆိုးရှားလိမ့်မယ်လို့ ထင်ထားခဲ့ပေမယ့် မန်ယူတိုက်စစ်ကို ကျွန်တော့်လူတွေ ဟန့်တားနိုင်ခဲ့လို့ ပါပဲ။ အခုပွဲရလဒ်ကို ကျွန်တော်တို့ ကျေနပ်ပါတယ်"**ဟု ပြောကြားသွားခဲ့သည်။

မန်ယူနှင့် မစ်ဒယ်ဘရော့တို့သည် ပြီးခဲ့သည့် ၂၀၀၅-၂၀၀၆ဘောလုံးရာသီတွင်လည်းအိုးထရက်ဖို့ဒ်ကွင်း၌ ဂိုးမရှိ သရေပွဲဖြစ်ခဲ့သည်။

လီဗာပူးအသင်းနည်းပြ ဘင်နီတက်ဇ်။

တစ်ဖန် ထိုနေ့က ကစားခဲ့သော လီဗာပူးနှင့် ဝီဂန်တို့ပွဲတွင် လီဗာပူးက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ လီဗာပူးက ထိုသို့အနိုင်ရရှိခဲ့သဖြင့် ဧပြီ ၂၅ရက်၌ ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ကစား ရမည့်ချယ်လ်ဆီးအား ဖိအားပေးမှု တစ်ရပ်လည်း ဖြစ်ခဲ့သည်။

ထိုပွဲနှင့်ပတ်သက်၍လီဗာပူးအသင်းနည်းပြ ဘင်နီတက်ဇ်က **"ဘောလုံးပွဲတစ်ပွဲမှာ အကောင်းဆုံး ကစားနိုင်လျှင် အကောင်းဆုံးရလဒ်ကို ရရှိမည်ဖြစ်ကြောင်း၊ အခုပွဲ၌ အနိုင်ရရှိရန် နည်းဗျူဟာပြောင်းလဲခဲ့ကြောင်း၊ ထို့အပြင် ဂျရတ်ကိုလည်း အချိန်အတိုင်းတာတစ်ခုအထိ အနားပေးခဲ့ရကြောင်း၊မိနစ် ၇၀ကျမှသာ ကစားစေခဲ့ကြောင်း၊ဂျရတ်ကဲ့သို့ အခြားကစားသမားများကိုလည်း နောက်ပြိုင်ပွဲများအတွက် ပွဲချိန်အနည်းငယ်သာ ကစားစေခဲ့ကြောင်း၊ ယခုပွဲ၌ ကစားသမားများအား မာမာတင်းတင်း ကစားစေခဲ့ကြောင်း၊ နောက်ထပ် သုံးပွဲကို အားထည့်ကစားလိုက်လျှင် နောက်နှစ်ချန်ပီယံလိဂ်ပြိုင်ပွဲအားသေချာပေါက်ကစားခွင့်ရရှိမည်ဖြစ်ကြောင်း"**ဟု ပြောကြား သွားသည်။



အာဆင်နယ်နည်းပြ အာစင်ဝင်းဂါး။

အနိုင်ရသင့်တဲ့ပွဲပါပဲ

ထို့အတူ စပါးအသင်းကို အဝေးကွင်း၌ နှစ်ဂိုးစီသရေကစားခဲ့သော အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးကလည်း**"ဒီပွဲမှာကျွန်တော်တို့ အနည်းဆုံး ငါးဂိုးလောက်ရသင့်တာပါ။ စပါးတိုက်စစ်မှူးတွေ ကျွန်တော့်လူတွေလောက်အခွင့်အရေးမရခဲ့ပါဘူး၊ ဒါပေမယ့် ရတဲ့အခွင့်အရေး နည်းနည်းလေးအပေါ်မှာ နှစ်ဂိုးရအောင် သွင်းယူသွားခဲ့လို့ သရေပွဲ ဖြစ်သွားရတာပါ။ ဒီပွဲက ကျွန်တော်တို့ အနိုင်ရသင့်တဲ့ပွဲပါပဲ"**ဟု ဘီဘီစီစပို့တ်သို့ ပြောကြားသွားသည်။

(ကိုးကား-အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

- မန်ယူတိုက်စစ်မှူး အလန်စမစ်သည် ဒဏ်ရာရ၍ ၁၄လကြာအနားယူခဲ့ရာမှ ပြန်ကစားရာတွင် မယုံကြည်နိုင်လောက်အောင် ခြေစွမ်းပြကစားနိုင်လာကြောင်း နည်းပြဖာဂူဆန်က ချီးကျူးပြောကြားလိုက်သည်။
- **ရီးရဲမက်ဒရစ် ကွင်းလယ်ကစားသမား ဒေးဗစ်ဘက်ခမ်းသည် ဒူးခေါင်းဒဏ်ရာရ၍ အနားယူခဲ့ရာမှ ဗလင်စီယာနှင့်ကစားသည့်ပွဲတွင် ပြန်လည်ပါဝင်ကစား ပြီဖြစ်ကြောင်း သိရသည်။**
- အယ်လ်ကမာအသင်းသည် ဒတ်ချ်ဖလားအကြိုဗိုလ်လုပွဲတွင်အင်န်အေစီဘရီဒါအသင်းကို ဧပြီ ၁၉ရက်က ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်လာသည်။
- **ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲယားသည် မွန်တီကာလိုမာစတာ တင်းနစ်ပြိုင်ပွဲတွင် စပိန်မှ ဂျူအန်ကားလို့စ်ဖာရာရိုအား အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။**
- ယူအက်စ်အိုးပင်းချန်ပီယံဟောင်း ဘယ်လ်ဂျီယံသူ ကလစ္စတားသည် ယခုနှစ် ယူအက်စ်အိုးပင်းပြိုင်ပွဲတွင် ပါဝင်ကစားမည်မဟုတ်ကြောင်း ကြေညာသည်။

(အင်တာနက်)

ရှော်လ်ကေးနှင့် ဝါဒါဘရီမင် ဘွန်ဒက်စ်လီဂါတွင်ဦးဆောင်

ယှဉ်ပြိုင်

ရှော်လ်ကေးအသင်းမှ ဟာမစ်အယ်လ်တင်တော့ (ရှေ့) **ထိုးဖောက် ယှဉ်ပြိုင်မှုကို ဤသို့ တွေ့ရသည်။**

(ဓာတ်ပုံ-အင်တာနက်)

ဘာလင် ဧပြီ ၂၂

ဂျာမန် ဘွန်ဒက်စ်လီဂါပွဲစဉ် (၃၀) ဘောလုံးပြိုင်ပွဲများကို ဧပြီ ၂၁ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ အမှတ်ပေးဇယားတွင် ဦးဆောင်နေသော ရှော်လ်ကေးတို့ အိမ်ကွင်း၌ ကော့ဘတ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။

ဆက်လက်ဦးဆောင်

ရှော်လ်ကေးတို့ အိမ်ကွင်း၌ ကစားခဲ့ရသော်လည်း ပထမပိုင်းတွင် တစ်ဂိုးမျှမသွင်းနိုင်ဘဲ ပွဲပြီးသွားခဲ့သည်။ ဒုတိယပိုင်း၌ ပြန်စချိန်တွင် ရှော်လ်ကေးတို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ရာ ပွဲချိန် ၅၉မိနစ်တွင် ကော့ဘတ်အသင်းမှ ရှယ်က ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိခဲ့သဖြင့် ရှော်လ်ကေးတို့ လက်ဆောင်ဂိုးစတင်ရရှိခဲ့သည်။ ယင်းနောက် ဘော်ဒန်က ရှော်လ်ကေးအသင်းအတွက် ဒုတိယမြောက်ဂိုးသွင်း ယူနိုင်ခဲ့သည်။ ပွဲအပြီးနှစ်ဂိုး-ဂိုးမရှိဖြင့် ရှော်လ်ကေးတို့နိုင်ခဲ့သဖြင့် အမှတ်ပေး ဇယားတွင် ရမှတ် ၆၂မှတ်ဖြင့် ဆက်လက်ဦးဆောင်နေသည်။

လက်လွှတ်ခဲ့ရ

ဝါဒါဘရီမင်အသင်းသည် ယမန်နေ့က အာချန်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ရမှတ် ၆၀ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သော်လည်း ယနေ့ပွဲတွင် ရှော်လ်ကေးတို့ နိုင်ပွဲရခဲ့သဖြင့် ထိပ်ဆုံးနေရာကို ပြန်လည်လက်လွှတ်ခဲ့ရသည်။

ယခုနှစ်ရာသီတွင် ခြေစွမ်းပြလာသော စတုဂတ်အသင်းသည် အိမ်ကွင်း၌ လက်ရှိချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းကိုပင် နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယင်းပွဲအပြီး စတုဂတ် အသင်းသည် ရမှတ်၅၈ မှတ်ဖြင့် အမှတ်ပေးဇယား တတိယနေရာ၌ ရပ်တည်လျက်ရှိသည်။ ။

အခြားပွဲရလဒ်များ

လေဗာကူဆင်	၂-၀	**နူရင်ဘတ်**
ဖရန့်ဖွတ်	၀-၃	**ဘိုချန်**
ဟာသာဘာလင်	၀-၁	**ဒေါ့မွန်**
ဝုလ်ဘတ်	၂-၃	**ဘီလီဖီးလ်**
ဝါဒါဘရီမင်	၃-၁	**အာချန်**

(အင်တာနက်)

စပိန်လာလီဂါ ပွဲစဉ်(၃၁) ဆက်လက်ယှဉ်ပြိုင် ရီးရဲမက်ဒရစ်နှင့် ရီးရဲဆိုစီဒက်တို့ နိုင်ပွဲများရရှိ

စုစည်းတင်ပြသူ
မြင့်မောင်စိုး

မက်ဒရစ် ဧပြီ ၂၂

စပိန်လာလီဂါပွဲစဉ်(၃၁)ကို ဧပြီ ၂၁ရက်က ယှဉ်ပြိုင်ကစားရာ ရီးရဲမက်ဒရစ်က ဗလင်စီယာကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ရီးရဲဆိုစီဒက်က အက်သလက်တီကို အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ရီးရဲမက်ဒရစ်နှင့် ဗလင်စီယာ

ရီးရဲမက်ဒရစ်တို့ ဗလင်စီယာကို သေသေချာချာပြင်ဆင်ကစားခဲ့သည်။ ရီးရဲမက်ဒရစ်တိုက်စစ်တွင်နစ္စတယ်ရွိုင်း၊ရာအူးလ်၊ ရော်ဘင်ဟိုနှင့် ဂွန်ဇာလက်ဇ်တို့ကိုထားရှိပြီး တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် ၁၈မိနစ်၌ နစ္စတယ်ရွိုင်းက ရီးရဲမက်ဒရစ်အတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။

ဗလင်စီယာတို့ ချေပဂိုးရရှိရေးအတွက် တိုက်စစ်မှူးများဖြစ်သည့် ဒေးဗစ်ဗီလာနှင့် မိုရီယန်တေးစ်တို့က ရီးရဲမက်ဒရစ်နောက်တန်းကို အကြိမ်ကြိမ်ထိုးဖောက်ကစားခဲ့သော်လည်း ပထမပိုင်းပွဲချိန်အတွင်း ချေပဂိုးမသွင်းနိုင်ဘဲ ဒုတိယပိုင်းပွဲချိန် ၅၂မိနစ်ရောက်မှ မိုရီယန်တေးစ်က ချေပဂိုး ပြန်သွင်းနိုင်ခဲ့သည်။

သို့သော် ပွဲချိန် ၇၃မိနစ်၌ ရီးရဲမက်ဒရစ်နောက်ခံလူ ရာမို့စ်က အနိုင်ဂိုးသွင်းယူခဲ့သဖြင့် ရီးရဲမက်ဒရစ်တို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ရီးရဲမက်ဒရစ်နှင့် ဗလင်စီယာတို့ပွဲတွင် ရီးရဲမက်ဒရစ်မှ ဒေးဗစ်ဘက်ခမ်း (ဝဲ) **ဤသို့ ထိုးဖောက်ကစားခဲ့သည်။**

(ဓာတ်ပုံ-အင်တာနက်)

ရီးရဲဆိုစီဒက်နှင့် အက်သလက်တီကို

တန်းဆင်းဇုန်အတွင်း ရောက်ရှိနေသော ရီးရဲဆိုစီဒက်တို့ အိမ်ကွင်း၌ ငါးပွဲမြောက် နိုင်ပွဲရရှိခဲ့သည်။ တန်းဆင်းဇုန်မှ လွတ်မြောက်ရန် ကြိုးစားနေသော ရီးရဲဆိုစီဒက်သည် ပွဲစတင်သည်နှင့် တိုက်စစ်ဖွင့်ကစားခဲ့ရာ ပွဲချိန် ခုနစ်မိနစ်၌ပင် တိုက်စစ်မှူး ဒါကိုကို ဗာစီဗစ်က အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

အက်သလက်တီကိုတို့ ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ချေပဂိုးရရှိရေး ကြိုးစားသော်လည်း တိုက်စစ်မှူးများ ဆန္ဒစောနေမှုကြောင့် ဂိုးမရရှိသည့် အပြင် ပွဲချိန် ၈၄မိနစ်၌ ရီးရဲဆိုစီဒက် ကွင်းလယ်ကစားသမား ဆာဗီရိုက တစ်ဂိုး ထပ်မံသွင်းယူလိုက်သဖြင့် ရီးရဲဆိုစီဒက်တို့ နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

ဒီပဲယင်းမြို့နယ်အသင်း(ရန်ကုန်) ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၂၂

ဒီပဲယင်းမြို့နယ်အသင်း(ရန်ကုန်)က နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၀၇)ဖြင့် ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ဒီပဲယင်းမြို့နယ်ဖွား ဆရာတော်ကြီး ခြောက်ပါးနှင့် စာအောင်ဘွဲ့တံဆိပ်တော်ရ သံဃာတော် အရှင်သူမြတ်နှစ်ပါးတို့အား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲကို မတ် ၄ ရက် နံနက် ၈နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးကျောင်းတိုက်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် မုံရွာမြို့ ဓမ္မပါရဂူတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အရိယာလင်္ကာရ၊ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများဖြစ်ကြသော အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မန္တလေးမြို့ ရေပန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဇာနေယျာဘိသီရိ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ မအူပင်မြို့ ဓမ္မသိပ္ပံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မုံရွာမြို့ ဓမ္မပါရဂူတိုက် ဆရာတော် ဘဒ္ဒန္တပညာဝံသ၊ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ရွှေဘိုမြို့ ဝေဠုဝန်တိုက်သစ် ဆရာတော်ဘဒ္ဒန္တဥတ္တမ၊ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ပြည်မြို့ ဗာရာဏသီ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဩဘာသနှင့် ပင့်သံဃာတော်များ၊ ဒီပဲယင်းမြို့နယ် အသင်းနာယက ဒေါက်တာပြေတင်၊ ဒေါက်တာမြင့်ခိုင်၊ အသင်းအမှုဆောင်ဥက္ကဋ္ဌ ဒေါက်တာလှဖေ၊ အတွင်းရေးမှူး ဦးတင်ဦးနှင့် အသင်းအမှုဆောင်အဖွဲ့ဝင်များ၊ ဒီပဲယင်းမြို့နယ်သူ မြို့နယ်သားများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဆက်ကပ်လှူဒါန်း

အခမ်းအနားတွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဇာနေယျာဘိသီရိက သီလပေးတရားချီးမြှင့်ပြီး အသင်းနာယက၊ အသင်းဥက္ကဋ္ဌ ဒေါက်တာဦးလှဖေနှင့် အမှုဆောင်အဖွဲ့ဝင်များက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဟောကြား

ထို့နောက် မြန်မာ့ရုပ်မြင်သံကြားမှ ဒေါ်ခင်မိုးဥက ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ၏ အတ္ထုပ္ပတ္တိကို ဖတ်ကြားလျှောက်ထားပြီး အသင်းဥက္ကဋ္ဌ ဒေါက်တာဦးလှဖေက ဆရာတော်ကြီးများအား ဒီပဲယင်းမြို့နယ်အသင်း၏ ဘာသာရေး၊ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ချက်များကို လျှောက်ထားကာ ငါးထပ်ကြီးကျောင်းတိုက်ဆရာတော် မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ ဒီဃဘာဏက ဓမ္မာစရိယ ဘဒ္ဒန္တဝါယမက အနုမောဒနာရေစက်ချတရား ဟောကြားချီးမြှင့်သည်။ **(က-ပ)**

ယင်းမာပင်မြို့နယ်၌ ဖောခိမဏ္ဍိုင် ကျေးရွာစာကြည့်တိုက်ဖွင့် ရေရှည်တည်တံ့ရေးရှင်းလင်း၊ စာအုပ်များလှူဒါန်း

ယင်းမာပင် ဧပြီ ၁၅

ယင်းမာပင်မြို့နယ် ညောင်ပင်ကြီးစုအုပ်စု ဖောခိမဏ္ဍိုင်ကျောင်းတိုက် ဓမ္မာရုံ၌ ဖောခိမဏ္ဍိုင်စာကြည့်တိုက်ဖွင့်ပွဲနှင့် စာဖတ်ပွဲ အခမ်းအနားကို ဧပြီ ၄ရက် နံနက် ၉နာရီက အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် နာယကဆရာတော် ဦးကောသလ္လာဘိဝံသနှင့် ခရိုင်ဦးစီးအရာရှိ ဒေါ်သောင်းသောင်းဝင်းတို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးပြီး **(အောက်ပုံ)** နာယကဆရာတော်က ဩဝါဒစကား မြွက်ကြားသည်။

ဆက်လက်၍ ခရိုင်ဦးစီးအရာရှိ ဒေါ်သောင်းသောင်းဝင်းက စာကြည့်တိုက် ရေရှည်တည်တံ့ရေး လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးအရာရှိနှင့် မြို့နယ်ဦးစီးမှူးတို့က အဆိုပါစာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် စာဖတ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ခေတ်သစ် ကိုလိုနီနယ်ချဲ့တို့၏ အန္တရာယ်ခေါင်းစဉ်ဖြင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်ခင်ညိုကလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင် ဒေါ်ခင်ဝင်းကြည်က လည်းကောင်း၊ မြို့နယ်အသင်းအမှုဆောင် ဦးသန်းစိန်က လည်းကောင်း ဆွေးနွေး တင်ပြကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဒသမနှစ် အမျိုးသား ပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် ၂၀၀၇ လုပ်ငန်းများကို မတ် ၁၀ရက်က မကွေးမြို့မ ဈေးကြီး၌ ကျင်းပရာ မကွေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းမြင့်နှင့် အဖွဲ့ဝင်များ၊ လူမှုရေး အဖွဲ့အစည်းများ စုပေါင်း ဆောင်ရွက်ကြစဉ်။ (ခရိုင် ပြန်/ဆက်)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ဂုဏ်ပြု ပူဇော်

တန့်ယန်း ဧပြီ ၁၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းအပ်သော ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ တန့်ယန်းမြို့ ဓမ္မဂုဏ်ရည်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုခမိန္ဒအား ဂုဏာဝိသိဋ္ဌပူဇော်ပွဲ အခမ်းအနားကို မတ်၂၅ရက် မွန်းလွဲ ၁နာရီက တန့်ယန်းမြို့ မဟာမြတ်မုနိဘုရားကြီး အာရုံခံတန်ဆောင်း၌ ကျင်းပသည်။

ပရိတ်တရားနာ

ရှေးဦးစွာ နမောတဿသုံးကြိမ် ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ငါးပါးသီလခံယူကာ ဆရာတော်၊ သံဃာတော်များထံမှ မေတ္တာသုတ် ပရိတ်တရား နာယူကြသည်။

ဩဝါဒခံယူ

ဆက်လက်၍ လားရှိုးမြို့ ကန်မိန်းကျောင်းဆရာတော် ဘဒ္ဒန္တဝါယမ သာသနဓဇ ဓမ္မာစရိယ ဝိနယပါဠိ ပါရဂူထံမှ ဩဝါဒကိုခံယူကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသော ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တသုခမိန္ဒအား ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး မင်းဦးက ဆက်ကပ်လှူဒါန်းသည်။

ရေစက်ချ

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစံရွှေအောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ဘွဲ့တံဆိပ်တော်ရ ဆရာတော်၏ အတ္ထုပ္ပတ္တိ အကျဉ်းကို ကံဝိန်းကျောင်းတိုက် ဆရာတော် အရှင်ပညာသာမိက မြန်မာ၊ ရှမ်းနှစ်ဘာသာဖြင့် ရွတ်ဖတ်ပူဇော်ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(မြို့နယ် ပြန်/ဆက်)**

လယ်တီ ဝိပဿနာကမ္မဋ္ဌာနာစရိယ သင်တန်းဖွင့်မည်

တောင်ကြီး ဧပြီ ၈

မြတ်ဗုဒ္ဓဒေသနာတော်နှင့်အညီ ဒီပနီကျမ်းပေါင်း (၁၀၀)ကျော် ရေးသားပြီး ဝိဇ္ဇာဓာတ်အလင်းရောင် ဖြန့်ဝေတော်မူခဲ့သော ကျေးဇူးတော်ရှင် ပထမလယ်တီ ဆရာတော်ကြီး ရေးသား၊ ဟောကြား၊ ပြသခဲ့သော လယ်တီဝိပဿနာ ပြန့်ပွားစေရန် ရည်သန်လျက် လယ်တီဝိပဿနာ ပြန့်ပွားရေး ဗဟိုအဖွဲ့ချုပ်က ကျင်းပသော တတိယအကြိမ် လယ်တီဝိပဿနာ ကမ္မဋ္ဌာနာစရိယသင်တန်းကို ဧပြီ၃၀ရက်(တနင်္လာနေ့)မှ မေ၁၅ရက် (အင်္ဂါနေ့)အထိ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ အေးသာယာမြို့သစ် အောင်သပြေတပ်စခန်း စဉ့်ဟယ်ကျေးရွာ အောင်သပြေစွယ်တော် ကမ္မဋ္ဌာန်းကျောင်းတိုက်၌ စာတွေ့၊ လက်တွေ့ပို့ချ သင်ကြားပေးမည်ဖြစ်ရာ ပထမကြီးတန်းအောင် ရဟန်းတော်များနှင့် စိတ်ပါဝင်စားသော ကျောင်းထိုင်ဆရာတော်များ ဖုန်း-၀၈၁-၂၇၆၈၁(စွယ်တော်)၊ ဖုန်း-၀၆၇-၂၂၁၂၈၊ ၂၂၉၀၀ (မဟာလယ်တီ နေပြည်တော်)၊ ၀၁-၆၅၁၀၆၄၊ ၆၆၀၇၉၈ (နာဂလိုဏ်ဂူ ကလေးဝတောရ)၊ ၀၁-၅၃၄၃၂၉ (လယ်တီ စမ်းချောင်း)နှင့် ဖုန်း-၀၇၁-၂၂၉၃၈(မုံရွာဗိမာန်)တို့သို့ ဆက်သွယ်တက်ရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

လယ်ဝေးမြို့နယ် ပြန်/ဆက်ဦးစီးဌာန စာဖတ်ပွဲကျင်းပ

လယ်ဝေး ဧပြီ ၁၆

လယ်ဝေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ဧပြီ ၁၁ ရက်ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြပါရှိသော ဆရာချစ်နိုင်(စိတ်ပညာ)၏ စည်းကမ်းရှိမှ ဆောင်းပါးနှင့် ပတ်သက်၍ စာဖတ်ပွဲ အခမ်းအနားကို ဧပြီ ၁၃ရက် မွန်းလွဲ ၂ နာရီက မြို့နယ်ရုံး စည်းဝေးခန်းမ၌ ကျင်းပသည်။

ဖတ်ကြား

အခမ်းအနားတွင် လယ်ဝေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်ခင်မူ၊ စာထောက်(၃)ဒေါ်ဝေကြည်စန်းအောင်နှင့် ဓာတ်ပုံကျွမ်းကျင်(၂) ဦးကျော်စွာဟိန်းတို့က ကဏ္ဍအသီးသီး ဖတ်ကြားကြသည်။

တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ဦးစီးအရာရှိဦးတင်လတ်နှင့် လယ်ဝေးမြို့နယ်ရုံးမှ ဝန်ထမ်းများ၊ မြို့နယ်အတွင်းရှိ ကျေးရွာများမှ စာကြည့်တိုက်မှူးများ တက်ရောက်ကြသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူးဦးသန်းထွန်းက ခြုံငုံသုံးသပ်ပြီး စာကြည့်တိုက်အတွင်း ပြသထားသော သုတ၊ ရသစာအုပ်ပြပွဲကို ကြည့်ရှုကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မတ်၂၉ရက်က ညောင်တုန်းမြို့ မြေနု အခြေခံပညာ မူလတန်းကျောင်း တည်ဆောက် ပြုပြင်ရေးတွင် အသုံးပြုရန်အတွက် ငွေကျပ်တစ်သိန်းနှင့် အာဟာရ ကျွေးမွေးရန် ငွေကျပ် ခုနစ်သောင်းတို့ကို ညောင်တုန်းမြို့ ၁၉လမ်းနေ ဦးလှမြင့်က ကျောင်းအုပ်ဆရာကြီး ဦးအေးကိုထံ ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

ပခုက္ကူမြို့နယ် ညောင်ပင်ကျေးရွာမှ မူလတန်းလွန်ကျောင်းဆောင်သစ်နှင့် မီဒီယာပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို မတ် ၂၅ ရက် က အဆိုပါကျောင်း၌ ကျင်းပရာကျောင်းဆောင် သစ် ကို အလှူရှင်ဦးမြို့တင်ဌေး - ဒေါ်ညွှန့်ညွှန့်ထွေး၊ မကွေးတိုင်း ပညာရေးမှူး ဦးသန်းထွန်းနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအေးဖေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အေဝမ်းခြံလမ်း ကိုးမိုင်နေ ရဲမှူးကြီးညီဝင်း(ငြိမ်း)-ဒေါ်မော်မော်ဆွေ၊ သမီး တေးသံရှင် မေစပယ်ညို၊ ခိုင်သူဇာညိုမိသားစုတို့က အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ပြည်တော်သာအရှင်စန္ဒန (ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပထမပြန်နှင့် ဓမ္မာစရိယ စာမေးပွဲကျင်းပ

ကြို့ပင်ကောက် ဧပြီ ၁၅

ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့ အရှေ့ဘက် မဟာလောကသီရိဘုရားကြီး တန်ဆောင်းတွင် ပထမပြန်နှင့် ဓမ္မာစရိယ စာမေးပွဲများကို မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊ မြို့နယ်သာသနာရေး ဦးစီးမှူးနှင့်ကြီးကြပ်ရေးဆရာတော်များကြီးကြပ်၍ ပထမပြန်စာမေးပွဲကို မတ် ၂၅ ရက်က ကျင်းပရာ စာဖြေသံဃာ စုစုပေါင်း ၂၄၉ပါးနှင့် ဓမ္မာစရိယစာမေးပွဲကို ဧပြီ ၃ရက်က ကျင်းပရာ စာဖြေသံဃာ စုစုပေါင်း၁၃၆ပါးတို့ ဝင်ရောက်ဖြေဆိုကြသည်။ အဆိုပါစာမေးပွဲများကို မတ်၂၅ ရက်မှ ဧပြီ ၁၂ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ပြည်သာယာ (တာမွေ လေးသံလမ်းအနီး) ရွှေ ပြည် ဟိန်း ကုသိုလ်ဖြစ်ဆေးခန်း အတွက် ဦးကြင်အုန်းအားရည်စူး၍ဒေါ်အေးကြည် မိသားစု တောင်ဥက္ကလာပမြို့နယ်က အလှူငွေ ကျပ်တစ်သိန်း လှူဒါန်းရာ

ရွှေပြည်ဟိန်း ဆရာတော်က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (၁၁၅)

လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းဆင်း

မိတ္ထီလာ ဧပြီ ၁၂

မန္တလေးတိုင်း မိတ္ထီလာခရိုင်အတွင်းရှိ ရပ်ကွက်၊ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်း (၁/၂၀၀၇) ဆင်းပွဲအခမ်းအနားကို မတ်၃၀ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ခရိုင်ဥက္ကဋ္ဌ ဦးမြင့်သန်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး ခရိုင်ဥက္ကဋ္ဌက သင်တန်းသား ထူးချွန်သူများအား ဂုဏ်ပြုဆုနှင့် သင်တန်းဆင်း လက်မှတ်များ ပေးအပ်သည်။ **(ခရိုင် ပြန်/ဆက်)**

အင်းစိန်မြို့နယ် ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်တင်အေးမြင့်က အင်းစိန်မြို့နယ် သံဃာ့ဆေးရုံဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းလှူဒါန်းရာ သံဃာ့ဆေးရုံ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအေးသိန်းက လက်ခံယူစဉ်။ (က-ပ)

ကျေးလက်ဒေသဖွံ့ဖြိုးရေး မော်ကျွန်းရွှေရတုတိပိဋကချောင်းကူးကြိုးတံတားဖွင့်

မော်လမြိုင်ကျွန်း ဧပြီ ၈

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် မရမ်းကျေးရွာနှင့် ခနုံးဆိပ်ကျေးရွာ ဆက်သွယ်သည့်အလျား ၂၂၅ပေရှည်လျားသော ကျေးလက်ဒေသဖွံ့ဖြိုးရေး ရွှေရတုတိပိဋက ချောင်းကူး ကြိုးတံတားသစ်ဖွင့်ပွဲကို မတ်၂၃ရက်နံနက် ၈နာရီက မရမ်းကျေးရွာဘက်ခြမ်း တိပိဋကကြိုးတံတားထိပ်၌ ကျင်းပသည်။

ယင်းရွှေရတုတိပိဋက ကြိုးတံတားကို မတည်အလှူရှင် တိပိဋကဓရ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ (မော်ကျွန်းဆရာတော်)နှင့် ရန်ကုန်မြို့နေ ရွှေပဒေသာပြည်လုံးချမ်းသာဆေးတိုက်ပိုင်ရှင် သီရိသုဓမ္မ မဏိဇောတဓရ ဦးဘိုကြီးနှင့် သီရိသုဓမ္မသီဂီ ဒေါ်သန်းသန်း မိသားစုတို့က ငွေကျပ် သိန်း၁၈၀ မတည်ဆောက်လုပ် လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ဖွင့်ပွဲတွင် တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ (မော်ကျွန်းဆရာတော်)၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် ကြိုးတံတားဆောက်လုပ်ရေး အင်ဂျင်နီယာဦးကျော်လင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအပြီးတွင် ရွှေရတုတိပိဋက ကြိုးတံတားပေါ်မှ ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ (မော်ကျွန်းဆရာတော်)၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် မရမ်းနှင့် ခနုံး ဆိပ်ကျေးရွာအုပ်စု ပြည်သူများက မရမ်းကျေးရွာမှ ခနုံးဆိပ်ကျေးရွာသို့ ဖြတ်သန်း လျှောက်ကြသည်။

(အပေါ်ပုံ)(၀၉၇)

ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် မတ် ၂၂ရက်က ရသေ့တောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပိုင် ပျိုးဥယျာဉ်ကို ကြည့်ရှု စစ်ဆေးရာအမှုဆောင်အရာရှိဦးသန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသီဟစိုးတို့က ရှင်းလင်း တင်ပြစဉ်။ (မြို့နယ်စည်ပင်)

တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုပြသ

သီပေါ ဧပြီ ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့က ကြီးမှူးကျင်းပသော တိုင်းရင်းသားရိုးရာ ဝတ်စား ဆင်ယင်မှုပြပွဲကို ဧပြီ ၅ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်က အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကျင်မြက တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုပြပွဲကျင်းပရခြင်း၏ ရည်မှန်းချက်များ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကချင်၊ ကရင်၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း၊ လီဆူး၊ အခါ စသည့် တိုင်းရင်းသား မောင်မယ်များက ရိုးရာယဉ်ကျေးမှုအလိုက် ဝတ်စားဆင်ယင်မှုများကို ပြသကြသည်။ **(အောက်ပုံ)**

(၁၀၆)

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေးအတွက် လမ်းလယ်ကျွန်းအတွင်း မြေယာရှုခင်းအလှ ဆောင်ရွက်ထားမှုကို မတ် ၂၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောထွန်းစိန် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
ကဆုန်လဆန်း ၉ ရက်
၂၄-၄-၂၀၀၇
(အင်္ဂါနေ့)

နံနက်ပိုင်း

၀၇း၀၀	တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အာဋာနာဋိယသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅	နိုင်ငံ့စီးပွားလုပ်ငန်းများ [ပဲခူးတိုင်း(အရှေ့) သစ်တောဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ]
၁၁း၃၀	မြန်မာ့မူဟန် ဇာတိမာန် ဟောပြောချက် (မင်းကောင်းအနော်ရထာ-ဒေါ်ထားကြည်-ဘီအေ)
၁၂း၀၀	သူ့အတွေးနှင့် သူ့အရေး (သန့်သန့်လေးမှ ကြိုက်သတဲ့လား) အရှင်သံဝရလင်္ကာရ (ဓမ္မပီယဆရာတော်)
၁၂း၂၀	ဇာတ်လမ်းပမာ နားဆင်စရာ (အတိတ်ကံ)
၁၂း၄၅	မှတ်ဖွယ်မှတ်ရာ သုတအဖြာဖြာ (ပုရပိုက်တွေထဲက သမိုင်းအစအနများ-တိုးလှ)

ညနေပိုင်း

၁၆း၀၅	ဆိုကြမြိုင်မြိုင် တေးသံပြိုင် (၁) စပါးခင်းက တို့မိတ်ဆွေများ (မြန်မာ့အသံအဖွဲ့) (၂) ငါတည်းဟူသောမာန (ပုရစ်ဖူးတေးအဖွဲ့) (၃) စုပေါင်းတေးသံ (ပန်းကောက်တေးအဖွဲ့)
၁၇း၀၀	တပ်မတော်စာတိုက်
၁၇း၃၀	ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (အားကစားသမားများအတွက် စိတ်တည်ငြိမ်မှု) (ဦးဘုဏ်ထွန်း-ညွှန်ကြားရေးမှူး-အား/ကာ)
၁၈း၂၅	ကျေးလက်ဇာတ်လမ်း (ပန်းတွေနဲ့ဝေ)
၁၉း၁၅	သုတအဖြာဖြာ တိုင်းရင်းဆေးပညာ (ဆေးဖက်အသုံးဝင် ကျောက်ဖရုံပင်)
၁၉း၃၀	တူယှဉ်သီကြွေး စုံတွဲတေး (၁) ချစ်ခရီးလေး တစ်နေကုန် (စန္ဒရားလှထွဋ်၊ ချိုဝေလွင်) (၂) မဆုံးချစ်ကမ္ဘာ (မောင်မြတ်သူ၊ တင်မိုးခိုင်) (၃) လေ့ကလေး (သုမောင်၊ နီနီဝင်းရွှေ)
၂၀း၃၀	ခံစားနားဆင် မြန်မာတေးသံစဉ် (၁) မေတ္တာစစ်ဆိုသည်များရယ် (မျိုးမြင့်လေး) (၂) ချိန်းတဲ့ညနဲ့ ချစ်တဲ့သူ (မြင့်မြင့်စိန်) (၃) မောင်ခေါ်ရာ လိုက်ခဲ့ပါလား (သန်းဖေလေး)

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်-၅ရပ်ကွက် ရန်ကြီးအောင်လမ်း ခြံမြေကွက် အမှတ်-၆၉၆၊ မြေအကျယ်ပေ ၉၀ x ပေ၉၀ရှိ ဥယျာဉ်ခြံမြေအမျိုးအစား မြေကွက်နှင့် အကျိုးခံစားခွင့်အားလုံးကို ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်နေ ဦးတင်လေး ၁၂/ရကတ(နိုင်)၀၂၅၂၉၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေကြီးက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ရှိပါက အဆိုပါမြေကွက်နှင့် ပတ်သက်သမျှဥပဒေနှင့် ညီညွတ်သည့်အထောက်အထား စာရွက်စာတမ်းပြည့်စုံ ခိုင်လုံစွာဖြင့် ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နွယ်နီအောင်
(LL.B)
တရားရုံးချုပ်ရှေ့နေနှင့် ဥပဒေအတိုင်ပင်ခံ
ရုံးအမှတ်- ၁၀/၁၂၊ ပထမထပ် (ဘယ်)
အခန်း(၃)၊ ၃၅လမ်း(အောက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း- ၀၉-၅၁၂၅၂၂၅။

ကြေညာချက်

ကချင်ပြည်နယ်အတွင်း မြေလွတ်၊ မြေရိုင်းများအား နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးရေးအတွက် ကုမ္ပဏီ ၃၁၁ ခု၊ ပုဂ္ဂလိကလုပ်ငန်းရှင် ၁၆၄ ဦးတို့အား မြေချထားပေး၍ စိုက်ပျိုးစေခဲ့ပါသည်။ ကုမ္ပဏီများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ အနေဖြင့် ရယူထားသော မြေများအား အပြည့်အဝ စိုက်ပျိုးခြင်းမရှိသေးကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ ယခုနှစ် ၂၀၀၇ ခုနှစ် မိုးရာသီအကုန်တွင် ရယူထားသော မြေများအား အပြည့်အဝစိုက်ပျိုးကြရမည် ဖြစ်ပါသည်။ မိုးရာသီအကုန်တွင် လိုက်လံစစ်ဆေး၍ မစိုက်ပျိုးသေးသော မြေများအား ပြန်လည်သိမ်းယူသွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊
မြစ်ကြီးနားမြို့။

Clean and Safe Dental Clinic

C&S

နေ့စဉ် နံနက် ၉း၀၀မှ ည ၉း၀၀

သွားနှင့်ခံတွင်းအထူးကုဆေးခန်း
အမှတ်(၈၁၉)၊ပထမထပ်၊မဟာဗန္ဓုလလမ်း၊
၁၀လမ်းနှင့် လှည်းတန်းလမ်းကြား
လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၂၁၀၇၄၃။

- ✓ သန့်ရှင်းသပ်ရပ်သည်။
- ✓ ကျယ်ဝန်း၍သက်သောင့်သက်သာရှိသောစည့်ခန်းရှိသည်။
- ✓ အတွေ့အကြုံရင့်ကျက်သည့်သွားဆရာဝန်/ပါရဂူများမှကုသပေးသည်။
- ✓ တစ်ခါသုံးဆေးပစ္စည်းကိရိယာများနှင့်ခေတ်မီပိုးသတ်နည်းစနစ်များကိုအသုံးပြုသည်။
- ✓ သွားထပ်ခြင်း၊သွားကျဲခြင်း၊သွားခေါ်ခြင်းစသည့် မညီညာသောသွားများကိုညီညာလှပစေရန်နှင့် မျက်နှာအောက်ပိုင်းအချိုးအစားပိုမိုပြေပြစ်လာစေရန် အထူးကုသပေးသည်။

သွားချင်တဲ့ ခရီး ကိုသွား
ငှားချင်တဲ့ ကား ကိုငှား

TOP 243363 705877

ကို ၂၄နာရီဖုန်းဆက်လိုက်ပါလား။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ထား။
van, saloon ကားများငှားရန်ရှိသည်။

ရောင်းမည်

(အမြန်၊ ရောင်း/ဝယ်သူများဆက်သွယ်ပါ)
ရုံးသုံး၊ အိမ်ပရိဘောဂများ။
နေရာကောင်း လမ်းမပေါ်မြေကျယ်။
ကလောတွင် ခြံကျယ် နှစ်ထပ်တိုက်။
ဖုန်း- ၀၉-၅၁၄၁၅၁၁။

ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော်၏ဇနီးဖြစ်သူ မမြမြသက် ၁/မကန(နိုင်)၀၉၉၆၉၉ ကိုင်ဆောင်သူသည် ၄-၃-၂၀၀၇ရက်တွင် မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအားလုံး လုံးဝတာဝန်မယူကြောင်း ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)
ဦးချစ်ညိုထွေး ၁၃/တကန(နိုင်) ၀၄၉၃၇၂။

ဆိုင်ခန်းရောင်းမည်

ဗိုလ်ချုပ်အောင်ဆန်း ဈေးကြီးအတွင်းရှိ ဆိုင်ခန်းရောင်းရန်ရှိသည်။ ဆက်သွယ်ရန်-
ဖုန်း- ၀၉-၅၁-၅၂၈၇၉
၀၉-၅၁-၉၃၃၂၆။

MCC (၂၀၀၇)ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုသူများအတွက်

MCC Pre University Camp 2007 (23.4.2007) ရက်ဖွင့်မည်

Since 1986

☎ ၂၄၅၇၇၅၊ ၂၄၅၇၈၂ သိမ်ကြီးဈေး(စီ)ရုံ၊အဆောင်(၃နှင့်၄)၊တတိယထပ်၊ရွှေတိဂုံဘုရားလမ်း၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့

ရောင်း/ငှား မည်

နေရာအချက်အချာကျပြီး လစဉ်ပုံမှန်ဝင်ငွေရှိသော မိနီမတ်ဆိုင်နှင့် ဖန်စီ အမှတ်တရလက်ဆောင်ပစ္စည်း ရောင်းသောဆိုင်လုပ်ငန်းအား ရောင်းမည်။ Hilux ကား (၅)ချိတ် ည/၆၉...... ငှားမည်။
ဆက်သွယ်ရန်ဖုန်း-
၀၉-၅၁-၃၉၁၅၉။

မန္တလေးမူကြို (၁) ကျောင်းသား၊ကျောင်းသူဟောင်းများ အာစရိယပူဇော်

မန္တလေး ဧပြီ ၁၀

မန္တလေးချမ်းအေးသာစံမြို့နယ် ၂၇လမ်း၊ ၆၈လမ်းနှင့် ၆၉လမ်းကြားရှိ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း အမှတ် (၁) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၂ရက် နံနက် ၇ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေကျင်သာသနာပိုင် ဝါဆိုကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအဂ္ဂိယထံမှ ညှော်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး အနုမောဒနာတရား နာကြားကာ ကွယ်လွန်ဆရာမကြီးတို့အား ရည်စူး၍ ကုသိုလ်ပြု အမျှပေးဝေကြသည်။

ထို့နောက် ရှေးခေတ်ဟောင်း အောက်မေ့ဖွယ် မူကြိုကျောင်းအစီအစဉ်ကို မူကြိုကလေးများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ ပူးပေါင်းဆင်နွှဲသီဆိုကြသည်။

အမှာစကားပြော

ဆက်လက်၍ အာစရိယပူဇော်ပွဲကိုကျင်းပရာ မန္တလေးတိုင်း လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုးက အဖွင့်အမှာ စကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်မေကြူက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ပေးအပ်

ယင်းနောက် ကျောင်းသား၊ ကျောင်းသူဟောင်းများက ဆီမီးတိုင်များ ထွန်းညှိ၍ ဆရာမကြီးများအား ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ကြပြီး ကန်တော့ခံ ဆရာမကြီး ၂၇ဦးတို့အား ကန်တော့ပစ္စည်းများ ပေးအပ်သည်။ **(အပေါ်ယာပုံ)**

ထို့နောက် ၁၉၆၆ခုနှစ် ကျောင်းစတင်ဖွင့်လှစ်စဉ်က ကျောင်းအုပ်ဆရာမကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစား ဆရာမကြီး ဒေါ်ကြည်ကြည်ဦးနှင့် ဆရာမကြီးများက ဝမ်းမြောက်ဝမ်းသာ ဆုပေးစကားများပြောကြားပြီး ပူဇော်ပွဲဖြစ်မြောက်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးရဲဝင်းဟန်က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(က-ပ)**

သပိတ်ကျင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဇရပ်ကွင်းကျေးရွာ ရွှေရတနာဈေးအတွင်း ဈေးဆိုင်များ တည်ခင်းရောင်းချမှု၊ သားငါးနှင့် ဟင်းသီးဟင်းရွက်များ သန့်ရှင်းလတ်ဆတ်စွာ ရောင်းချမှုရှိ၊ မရှိတို့ကို မတ် ၂၄ ရက်က မြို့နယ်အမှုဆောင်အရာရှိ ဦးကျော့ချိုမျိုးမြင့်နှင့် ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်မေတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ဈေးနှင့် သားသတ်ဌာနစိတ် တာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်မူမူကျော်နှင့် ဈေးဝန်ထမ်းများက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကြို့ပင်ကောက်မြို့၌ သင်္ကြန်တွင်း တရားစခန်းကျင်းပ

ကြို့ပင်ကောက် ဧပြီ ၂၀

ပဲခူးတိုင်း(အနောက်ပိုင်း)ကြို့ပင်ကောက်မြို့ ဗောဓိရိပ်သာကျောင်းတိုက် သာသနာ့ဗိမာန် ဓမ္မာရုံကြီးတွင် တန်ခူးလပြည့်ကျော် ၁၁ ရက်မှ ကဆုန်လဆန်း ၃ ရက်အထိ တရားစခန်းဖွင့်လှစ်ဟောကြားပြသခဲ့ရာ အချိန်ပြည့်ယောဂီ ၈၀၀ ကျော်နှင့် အချိန်ပိုင်းယောဂီ ၇၀၀ ကျော် စုစုပေါင်းယောဂီ ၁၅၀၀ ကျော်တို့ တရားစခန်း ဝင်ရောက်ကြသည်။

ဟောကြားပြသ

ဖွင့်ပွဲ အခမ်းအနားတွင် ဗောဓိရိပ်သာကျောင်းတိုက်၏ ပဓာနနာယက ပြည်တွင်း ပြည်ပသာသနာပြု (အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တသောနက က သြဝါဒကထာ မြွက်ကြားဖွင့်လှစ်ပေးပြီး ကျေးဇူးရှင် မဟာစည်ဆရာတော်ကြီး၏ သြဝါဒနည်းနိဿယအတိုင်း မဟာသတိပဋ္ဌာန် ဝိပဿနာ အလုပ်ပေး တရားတော်များကို ဟောကြားပြသခဲ့ကြောင်း သိရသည်။ **(ဝ၄ဝ)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တုံတာမြို့တွင် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော မြို့အဝင် ဆိုင်းဘုတ်လုပ်ငန်းနှင့် ပတ်သက်၍ မတ် ၂၈ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးခင်ကျော်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မျိုးထက်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

လှိုင်းဘွဲမြို့ မြို့မ ဈေးတွင် မီးဘေး ကြိုတင်ကာ ကွယ် ရေးအတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေး သား များ စုပေါင်းဇာတ်တိုက် လေ့ ကျင့် မှု ကို မတ် ၂၄ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးလွင်မင်း၊ မြို့နယ်အမှုဆောင်အရာရှိ ဦးမောင်မောင်ငြိမ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ကျော်ထွန်းနှင့် မီးသတ်ဦးစီးမှူး ဦးအောင်ရဲမင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဖားဆောင်းမြို့ ဦးလုံခမ်းလမ်း အပိုင်း(၂) ကျောက်ချောလမ်းခင်း

ဖားဆောင်း မတ် ၂၅

ဖားဆောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော ဦးလုံခမ်းလမ်း အပိုင်း(၂)ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းကို မတ် ၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းထိုက်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသန်းမြတ်စိုးတို့ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

မတည်ငြိမ်မှုနှင့် ဆူပူလှုပ်ရှားမှုများဖြစ်ပွားအောင် ပြည်သူလူထုအား အကြိမ်ကြိမ်သွေးထိုးလှုံ့ဆော်မှု ကျူးလွန်ခဲ့သည့်

ထင်ကျော်(ခေါ်)ကျော်ထင်နှင့် NLD ပါတီဝင်အချို့

သဃ်န်းကျွန်းမြို့နယ် စံပြဈေးရှေ့တွင် ဆူပူလှုပ်ရှားမှုနှင့် လူစုလူဝေးဖြစ်အောင် ထပ်မံလုပ်ဆောင်

ဆူပူမှုကိုမလိုလားသော အေးချမ်းစွာ နေထိုင်လိုကြသည့် ပြည်သူများက ၎င်းတို့အား ဝိုင်းဝန်းထိန်းသိမ်းပြီး သက်ဆိုင်ရာသို့ ပို့ဆောင်အပ်နှံခဲ့

နေပြည်တော် ဧပြီ ၂၂

၂၀၀၇ ခုနှစ် ဧပြီ ၂၂ ရက် နံနက် ၈ နာရီ မိနစ် ၅၀ တွင် သဃ်န်းကျွန်းမြို့နယ် စံပြဈေးရှေ့၌ မတည်ငြိမ်မှုနှင့် ဆူပူမှုဖြစ်အောင် ပြည်သူလူထုအား အကြိမ်ကြိမ် သွေးထိုးလှုံ့ဆော်ခဲ့သည့် ထင်ကျော် (ခေါ်) ကျော်ထင် (တရားမဝင်ဖွဲ့စည်းပြီး ဖျက်သိမ်းခဲ့သည့် မြန်မာပြည်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ MDC မှ အဖွဲ့ခေါင်းဆောင်)၊ သိန်းအောင်မြင့် (မြောက်ဥက္ကလာပ MDC)၊ သိန်းမြင့်ထွန်း (တောင်ဒဂုံ NLD)၊ လေးလွင် (တောင်ဒဂုံ NLD)၊ မြင့်စိန် (တောင်ဒဂုံ NLD)၊ သန်းဇော်မြင့်(လှိုင်သာယာ NLD) နှင့် တင်မောင်ကြည် (တောင်ဒဂုံ)ပါ ရှစ်ဦးခန့်ရှိသောအဖွဲ့သည် ကုန်ဈေးနှုန်းကျဆင်းရေး၊ ၂၄ နာရီ မီးလင်းရေး၊ အလုပ်လက်မဲ့ပပျောက်ရေး၊ အမျိုးကောင်းသားသမီးများ မပျက်စီးရေး၊ လွတ်လပ်စွာ ကုန်သွယ်ခွင့်ရရှိရေးစသည့် ပိုစတာများ ကိုင်ဆောင်ကြွေးကြော်ပြီး ဆန္ဒပြလှုံ့ဆော်ခဲ့ကြောင်း သတင်းရရှိသည်။

စုံစမ်းစစ်ဆေး

အဆိုပါအဖွဲ့သည် ပိုစတာများကိုင်ဆောင်၍ စံပြဈေးရှေ့ကားလမ်းမှ လေးထောင့်ကန်လမ်းအတိုင်း လမ်းလျှောက် ဆန္ဒပြခဲ့ကြသဖြင့် လမ်းသွားလမ်းလာနှင့် ဈေးရောင်းဈေးဝယ်များအား အနှောင့်အယှက်ဖြစ်စေပြီး လူစုလူဝေး ဖြစ်ပေါ်လာခဲ့ကြောင်း သိရှိရသည်။ ထိုသို့ဖြင့် ၎င်းအဖွဲ့ ငမိုးရိပ်ရပ်ကွက်သို့ နံနက် ၉ နာရီ မိနစ် ၂၀ ခန့်တွင် ရောက်ရှိစဉ် ဆူပူမှုကို မလိုလားသော၊ တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုကြသည့် ပြည်သူများက ၎င်းတို့အား ဝိုင်းဝန်းထိန်းသိမ်းပြီး သက်ဆိုင်ရာသို့ ပို့ဆောင်အပ်နှံခဲ့ကြရာ သက်ဆိုင်ရာက လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည်။

ထင်ကျော်(ခေါ်)ကျော်ထင်သည် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်က ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်းတွင် လူတစ်စုနှင့်အတူ ဆိုင်းဘုတ်များကိုင်ဆောင်၍ ဆူညံစွာအော်ဟစ်လှည့်လည်ခြင်းဖြင့် ဆူပူလှုပ်ရှားမှုနှင့် လူစုလူဝေးဖြစ်အောင် လုပ်ဆောင်ခဲ့ခြင်းကြောင့် သက်ဆိုင်ရာက ခေါ်ယူစစ်ဆေးပြီး တည်ငြိမ်မှုနှင့် အေးချမ်းမှုပျက်ပြားအောင်မပြုလုပ်ရန်နှင့် ထုတ်ပြန်ထားသည့် ဥပဒေများကို လိုက်နာရန် ရှင်းလင်းသတိပေးခဲ့ပြီးဖြစ်သည်။ ထင်ကျော်(ခေါ်)ကျော်ထင်ကလည်း နောင်တွင် အလားတူ ပြည်သူလူထုအား သွေးထိုးလှုံ့ဆော်မှုမပြုတော့ပါဟု ဝန်ခံကတိပြုခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

စေလွှတ်ပေးခဲ့

ထိုသို့ ဝန်ခံကတိပြုထားပြီးသော်လည်း ၂၀၀၇ ခုနှစ် မတ် ၂၂ ရက် နံနက်ပိုင်းတွင် ထင်ကျော်(ခေါ်)ကျော်ထင်သည် ကမာရွတ်မြို့နယ် လှည်းတန်းဈေးအနီးတွင် တစ်ကိုယ်တော်ဆန္ဒပြခြင်းဖြင့် ဆူပူမှုနှင့် လူစုလူဝေးဖြစ်စေရန် ထပ်မံကျူးလွန်ခဲ့ကြောင်း၊ သို့အတွက် သက်ဆိုင်ရာက ခေါ်ယူစစ်ဆေး ရှင်းလင်းသတိပေးပြီး ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း သိရှိရသည်။

ချိန်ကိုက်ပြုလုပ်ခဲ့

ထိုဆန္ဒပြလှုံ့ဆော်မှုနှင့် တစ်ပြိုင်တည်းလောက်တွင်ပင် ၈၈ မျိုးဆက် ကျောင်းသားအမည်ခံ မင်းကိုနိုင်၊ ကိုကိုကြီးနှင့် နောက်လိုက်နောက်ပါတစ်စုသည် ကမာရွတ်မြို့နယ် လှည်းတန်းဈေးရှိ ငွေဥဒေါင်းနှင့် စန္ဒာမြိုင်လက်ဖက်ရည်ဆိုင်များသို့ စုရုံးရောက်ရှိပြီး ကမာရွတ်မြို့နယ်(၇)ရပ်ကွက်နှင့် (၈)ရပ်ကွက်တို့တွင် တနင်္ဂနွေနေ့အဖြူရောင်လှုပ်ရှားမှုကို ချိန်ကိုက်ပြုလုပ်ခဲ့ကြောင်းလည်း သိရှိရသည်။

ပြန်လည်ပြောကြား

ထို့အတူ ၎င်းတို့နှင့် တစ်ကျိတ်တည်း တစ်ဉာဏ်တည်းသမားများဖြစ်ပြီး ပြည်သူလူထုအား လူ့အခွင့်အရေးကို ဗန်းပြသွေးထိုးလှုံ့ဆော်နေသူ မြင့်အေး (ကြည့်မြင်တိုင်မြို့နယ်)နှင့် မောင်မောင်လေး (ရန်ကုန်)၊ ပျားကြီး(မင်းလှ)၊ တင်မောင်ဦး(ရန်ကုန်)တို့သည် ၂၀၀၇ ခုနှစ် ဧပြီ ၁၇ ရက်တွင် ရန်ကုန်မှ ဟင်္သာတမြို့သို့သွားရောက်ခဲ့ပြီး ဟင်္သာတမြို့နယ်မှ မြင့်နိုင်(ခေါ်)မြင့်လှိုင်၊ သောင်းစိန်၊ ကျော်လွင်တို့နှင့် တွေ့ဆုံခဲ့ကြောင်း ၎င်းတို့ခုနစ်ဦးသည် ဟင်္သာတမှ အင်္ဂပိုကျေးရွာသို့ဆက်လက်သွားရောက်ပြီး အင်္ဂပိုကျေးရွာသူရွာသား ၂၀ ခန့်အား စုရုံး၍

စာမျက်နှာ ၁၁ ကော်လံ ၁ ●

အဖျက်အမှောင့်သမားများကိုသာ ဆန့်ကျင်ကန့်ကွက်

လျှပ်စစ်မီးအခက်အခဲကို ကျော်လွှားနိုင်အောင် ဆိုင်းဘုတ်ကိုင်၍ နိုင်ငံတော်အစိုးရအား ဆန္ဒပြသည်ဆိုသည်မှာ အဓိပ္ပာယ်မရှိကြောင်း၊ ကျိုးကြောင်းဆီလျော်မှုမရှိကြောင်း။ တကယ်ဆိုပါက မြန်မာနိုင်ငံအပေါ် ဘက်ပေါင်းစုံမှ ပိတ်ဆို့တားဆီးနှောင့်ယှက်နေကြသည့် ပြည်တွင်းပြည်ပ အဖျက်အမှောင့်သမားများကိုသာ ဆန့်ကျင်ကန့်ကွက် ဆန္ဒပြရမည်ဖြစ်။

ကျေးရွာမှ မောင်းထုတ်ခဲ့

ရွာသူရွာသားများအကြား သွေးထိုးလှုံ့ဆော်ခြင်းများ၊ သာသနာရေးကိစ္စတွင် မဆီမဆိုင် ဝင်ရောက်စွက်ဖက်ခြင်းများကို မလိုလားကြသော အုတ်ပုံ ရွာသူရွာသားများက "မင်းတို့လာ၍ ရွာနာကြောင်း၊ ရွာသူရွာသားတွေ စိတ်ဝမ်းကွဲရကြောင်း" ပြောဆိုအော်ဟစ်ပြီး ဝိုင်းဝန်းထိုးကြိတ်ရိုက်နှက်၍ ကျေးရွာမှ မောင်းထုတ်ခဲ့။